ရန်ကုန်မြို့

အဂ္ဂမဟာပဏ္ဍိတ မေဒိနီဆရာတော်

စီစဥ်ရေးသားအပ်သော

# ဒိမ်သုံးဘာဝနာမေဒိနီ

☆

၆၄

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၃

၂၁၄၉

ရန်ကုန်မြို့

အဂ္ဂမဟာပဏ္ဍိတ

ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်

မေဒိနီဆရာတော်

စီစဉ်ရေးသားအပ်သော

# ဒိမ်သုံးဘာသာဝနာမေဒိနီ

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၃

# နိဒါန်း

**ဘုရားရှင်၏ ကရုဏာတော်**

ဘုန်းတော် ခြောက်ပုံ ဂုဏ်တော် အနန္တတို့ဖြင့် ပြည့်ဝစုံလင် လွန်စွာပင် ထင်ရှားတော်မူသော မြတ်စွာဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဗျာဒိတ်ပန်း ဆင်မြန်းတော်မူစဉ်ကပင် နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူလိုက စံမြန်းနိုင်သော အခွင့်အရေးကို ရရှိပါလျက် စံမြန်းတော်မမူဘဲ သံသရာ ဝဋ်ဆင်းရဲ၌ တဝဲလယ်လယ် ကျင်လည် မျောပါးလျက် နေကြရသော သတ္တဝါများကို ငဲ့ညှာသနား မဟာကရုဏာတရား ထားတော်မူ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်း တိုင်အောင် ဆက်လက်ပြီး ပါရမီ ဆယ်ပါးကို ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့လေသည်။

**သာသနာသုံးတန်**

ယင်းသို့ပါရမီဖြည့်ကျင့်၍ ဘုရားရှင် အဖြစ်သို့ ရောက်တော်မူပြီးနောက် ၄၅-ဝါ ကာလကြာမျှ သတ္တဝါတို့အား တရားအမြိုက် ဆေးကို တိုက်ကျွေးတော်မူလျက် ပရိနိဗ္ဗာန် စံဝင်တော်မူခါ မှာပင် သာမုက္ကံသိက ဒေသနာဟူသော- ပရိယတ္တိသာသနာကို ပဋိပတ္တိ, ပဋိဝေဓ သာသနာ နှစ်ရပ် ဖြည့်ကျင့်လိုသူတို့အတွက် "ဓမ္မောစဝိနယောစ ဒေသိတော ပညတ္တော၊သော ဝေါ မမစ္စယေန သတ္ထာ" ဟု ကိုယ်စားတော် ဆရာဘဆူ အဖြစ်ဖြင့် သတ်မှတ်၍ ထားတော်မူခဲ့လေသည်။

**ဝါဒအမြာမြာ**

ဤသို့ ဘုရားရှင် ကိုယ်တော်တိုင်- ဟောဖော်ညွှန်ပြ တည်ထားတော်မူခဲ့ပါသော်လည်း ပဋိပတ်အရေးနှင့် စပ်၍ ဒေသနာတော်နှင့် မညီမကိုက် မိမိတို့ဆည်းပူးခဲ့သော နည်းနာနိဿယကို လိုက်၍ ဝါဒအမျိုးမျိုး ကွဲပြားကြလေသည်။

**ကျမ်းဆရာ၏ အာသီသ**

မည်သို့ပင် ဝါဒအမျိုးမျိုး ကွဲပြားကြစေကာမူ သာမုက္ကံသိက ဒေသနာ ပရိယာတ်အရေးနှင့် ညီညွတ်သောဝါဒများသာ ပညာရှိတို့ အားထားရာဖြစ်နိုင်သဖြင့် ယင်းသို့သော ဝိပဿနာကျမ်းစာတခုကို ရေးသားပြုစုရန် ရည်သန်တော်မူခဲ့လေသည်။

**ကျမ်းစာပြုစု အထမြောက်မှု**

ဤကဲ့သို့ ရည်သန်တော်မူသည့်အခါမှာပင် ရန်ကုန်မြို့ ဘောက်ထော် နန်းတော်ကုန်းဆရာကြီး ဦးမိုးကြီးနှင့် ဆရာကတော် ဒေါ်စိန်နုတို့က ခေတ်ကာလနှင့် လျော်သော ဝိပဿနာကျမ်းစာတစောင် စီရင်ရေးသား၍ ပေးသနားတော်မူပါမည့် အကြောင်းကို မေဒိနီဆရာတော်ဘုရားကြီးအား လျှောက်ထား တောင်းပန်ပြန်ရကား အများသိလွယ်၍ အဓိပ္ပါယ် ပေါ်လွင်သော စကားတို့ဖြင့် ထန်းဆာဆင်ကာ "အိမ်သုံးဝိပဿနာမေဒိနီ" ဟုသောအမည်ဖြင့် ဝိပဿနာအရေးစာအုပ်ကို ရေးသားတော်မူပါကြောင်း။

"ဟံသာဝတီ"

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘုရားပင့်ဂါထာပါဠိအနက် .... .... | ၁ |
| ၂။ | နှိုးဆော်တိုက်တွန်းခန်း .... .... | ၄ |
| ၃။ | အာဝေဏိက ဂုဏ်တော်ပါဠိ .... .... | |
| ၄။ | အာဝေဏိက ဂုဏ်တော် အနက် .... .... | ၁၀ |
| ၅။ | ပုဗ္ဗဘာဂ ပဋိပဒါ အမြွက်မျှပြဆိုခန်း .... | ၁၆ |
| ၆။ | မေတ္တာ ပွါးပုံ .... .... | ၁၆ |
| ၇။ | မရဏာဿတိ ပွါးပုံ .... .... | ၁၇ |
| ၈။ | အသုဘ ပွါးပုံ .... .... | ၂၀ |
| ၉။ | ဗုဒ္ဓါနုဿတိပွါးပုံ .... .... | ၂၂ |
| ၁၀။ | လက္ခဏာရေးတင်ရန် အခြေခံအခန်း .... | ၂၉ |
| ၁၁။ | နာမ်ရုပ်အကြောင်း သိမ်းဆည်းခန်း .... | ၃၇ |
| ၁၂။ | လက္ခဏာရေး တင်ခန်း .... .... | ၄၅ |
| ၁၃။ | နိဗ္ဗာန်ကို အာရုံပြုခန်း .... .... | ၄၇ |
| ၁၄။ | အထူးအားထုတ်လိုသူများအတွက် ပြဆိုခန်း.... | ၄၇ |
| ၁၅။ | အားထုတ်ပုံနည်း အကျယ် .... .... | ၄၉ |
| ၁၆။ | အာဒါနနိက္ခေပနည်း အားထုတ်ပုံ .... .... | ၄၉ |
| ၁၇။ | ဝယောဝုဍ္ဎတ္ထင်္ဂမနနည်း အားထုတ်ပုံ .... | ၅၀ |
| ၁၈။ | အာဟာရဇရုပ်ရှုနည်း အားထုတ်ပုံ.... .... | ၅၆ |
| ၁၉။ | ဥတုဇရုပ်ရှုနည်း အားထုတ်ပုံ .... .... | ၅၆ |
| ၂၀။ | ကမ္မဇရုပ်ရှုနည်း အားထုတ်ပုံ .... .... | ၅၇ |
| ၂၁။ | စိတ္တဇရုပ်ရှုနည်း အားထုတ်ပုံ .... .... | ၅၈ |
| ၂၂။ | ဓမ္မတာရုပ်ရှုနည်း အားထုတ်ပုံ .... .... | ၅၈ |
| ၂၃။ | အရူပသတ္တကကို အားထုတ်ခန်း .... .... | ၅၉ |
| ၂၄။ | ကလာပနည်း အားထုတ်ပုံ .... .... | ၆၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅။ | ယမကနည်း အားထုတ်ပုံ .... .... | ၆၁ |
| ၂၆။ | ခဏိကနည်း အားထုတ်ပုံ .... .... | ၆၉ |
| ၂၇။ | ပဋ္ဌပါဋ္ဌိနည်း အားထုတ်ပုံ .... .... | ၇၁ |
| ၂၈။ | ဒိဋ္ဌိဥဂ္ဃါဋနနည်း အားထုတ်ပုံ .... .... | ၇၁ |
| ၂၉။ | မာနသမုဂ္ဃါဋနနည်း အားထုတ်ပုံ .... .... | ၇၂ |
| ၃၀။ | နိကန္တိပရိယာဒါနနည်း အားထုတ်ပုံ .... | ၇၂ |
| ၃၁။ | သံယုတ်ပါဠိတော်လာ—တိလက္ခဏာသုတ်ပါဠိ .... | ၇၃ |
| ၃၂။ | ၎င်း-တိလက္ခဏာသုတ်အနက် .... .... | ၇၅ |
| ၃၃။ | အဓိပ္ပါယ်အကျဉ်း .... .... | ၈၂ |
| ၃၄။ | သံယုတ်ပါဠိတော်လာ-ဒုက္ခာဘိနန္ဒနသုတ်ပါဠိ | ၈၃ |
| ၃၅။ | ၎င်း-ဒုက္ခာဘိနန္ဒနသုတ်အနက် .... .... | ၈၄ |
| ၃၆။ | အဓိပ္ပါယ်အကျဉ်း .... .... | ၈၈ |
| ၃၇။ | ဆုတောင်း .... .... .... | ၈၉ |



# အိဗ်သုံးဘာဝနာဗေဒီနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

ဘုရားပင့်ဂါထာပါဌ်အနက်

နမော တေ အတုလာ ခာရ၊
ဂေါတမေ ကရုဏာကရ။
အနုကမ္ပံ ယိခေဂတွာ၊
သဏ္ဍာဟိမမအာသနေ။ ။

အတုလာခာရ၊ကမ္ဘာအသိလိင်ယ်၊စာဂိ ခြွေသုံး၊ ပါရမီရွှေဘုန်းကြောင့်၊ သုံးဆဲ့နှစ်ပါး၊နှုန်းဖွဲ့ ထားအပ်သော၊ ယောကျ်ားမြတ်ဘို့၏၊လက္ခဏာတော်ကြီးအစု၊ အနုဗျဉ္ဇနှ ၈၀ဆယ်၊ တင့်တယ် ထင်ရှား၊ ခြောက်ပါး သော, ရောင်ခြည်တော်တို့ဖြင့်၊ ဇမ္ဗူ့ဒ်နဒ၊ ရှော်သိဂ် ဟု၊ နိက္ခနိတုံ၊ ရွှေရုပ်ပုံသို့၊ အုပ်ခြို ယှမ်းပတ်၊ ကိုယ် တော်မြတ်မှ၊ မပြတ်မစဲ၊ လျှပ်နွယ် ဝဲသကဲ့သို့၊ ဖြတ်နွဲ့ ထွက်ပျံ၊ ဘဝဂ်လျှံမျှ၊ ဘက်စုံ ထွင်းဖေါက်၊ အလင်း

ရောက်လျက်၊ ဝင်းတောက်ရတြွ၊ ရှုမဝနိုင်သည့်၊ အတု
လရူပ၊ ကာယဂုဏ်တော်၊ ဝသုန္ဒရီ၊ ဘုမ္မဟိနှင့်၊ ပုံညီ
တင်ဘွယ်၊ အပြင်ကျယ်သည့်၊ ပင်လယ်သမုဒ်၊ ရေ
အစုတ်ထက်၊ ဝေဝုစ်ကျယ်ပြော၊ အလယ် ကြောမှာ၊
ချယ်နှောရွှေရောင်၊ သရေဆောင်သည့်၊ ရွှေတောင်
မြင့်မိုရ်၊ ချင့်မဆိုနိုင်၊ ဆင့်မိုလွှန်ထ၊ ညွှန်မပြသာ၊
သွန်ချငွေပြွန်၊ ရေတံခွန်နှင့်၊ မြေဝန်ပြိုးမောက်၊ မိုးရေ
ပေါက်ထက်၊ လွှန်မြောက် များပြား၊ မှန်း မထားနိုင်၊
ယန္တရားလေရှင်၊ လမ်းသွားနှင်သည့်၊ ကောင်းကင်
ကန္တာ၊ အမ္ဗရာလည်း၊ ယံတာလုံးလုံး၊ စံကွာရုံးရ၊ ပြိုင်
နှိုန်း ယှဉ့်ပြ၊ မညီမျှသာ၊ သီလသမာဓိ၊ ဝိမုတ္တိပညာ၊
မဟာဝဇိရ၊ သဗ္ဗညုတ-စသောအတုလ၊ ဓမ္မကာယ
ဂုဏ်တော်တို့၏၊ စုဆောင်းတည်နေရာ ဖြစ်တော်မူ
သော မြတ်စွာဘုရား။

**တေ-တဝ**၊ အစဉ်မပြတ်၊ ဘဝင်ဓာတ်၌၊ ဝင်ကပ်
ထင်ရှား၊ အသွင်ဒြပ်၊ မြင်စေအပ်သည့်၊ အရှင်မြတ်
ဘုရားအား။ **နမော**၊ နွယ်ပဒုံခက် သွယ်ရုံ ယှက်သို့၊
ဆယ်စုံလက် ထိပ်မှာ မိုး၍၊ မပြယ်မသုံ၊ သွယ်သွယ်
ဂုဏ်ကို၊ တကာယယုံသော, စိတ်သဒ္ဓါမျိုးဖြင့်၊ ရှိခိုးဦးခိုက်
ပါ၏မြတ်စွာဘုရား။

**ကရုဏာ-က**ရုဏါကြီး ဖြပ္ပာ၊ များသတ္တဝါကို၊
တွာဝါသဒ္ဓုံနှုံ၊ သားရာဟုနှင့်၊ ခြားရှာမှုမရှိ၊ တရား
မကွာ၊ ပွါးဒယာဖြင့်၊ သနား ညှာတာတော် မူဘိသော
မြတ်စွာဘုရား။

**ဂေါတမော**၊ မကွယ်မညှိုး၊ တြွယ်တန်ခိုးဖြင့်၊ နွယ်မျိုးကောင်းစင်၊ အကြောင်းအင်ကြောင့်၊ သောင်းခွင်လျှံလက်၊ ဒေါင်းယာဉ်စက်ကဲ့သို့၊ စဉ်ဆက်ရှည်ကြာ၊ လွန်ကျေညာသည့်၊ ဂေါတာ မြိုးစိ၊ မျိုးအမည်ဖြင့်၊ မိုးလည်ဘဝဂ်၊ ကျိုးမည်တက်မျှ၊ ပျံတက် ထုတ်ချင်း၊ အနောပမ၊ ဂေါတမဟု၊ ကောလာဟာလ—သတင်းဖြင့် ကျော်စောခြင်း ရှိတော်မူသော။ **တေ-တဝ**၊ လွန်များမြတ်သောသနားခြင်းဒယာ-မဟာကရုဏာ- ရှိတော်မူသောမြတ်စွာဘုရားအား။ **နမော**၊ သွယ်ပြောင်းနူညာက်၊ ဆယ်ချောင်းလက်ကို၊ ပေါင်းယှက်ဖြန့်မိုး၊ နှိပ်ဝပ်လျှိုး၍၊ ရှိခိုးဦးခိုက်ပါ၏ မြတ်စွာဘုရား။

**တို့**၊ ကုဋေစက္ကဝါ၊ မြေမျက်နှာနှင့်၊ ဘဝဂ် ရွာများ၊ ဆက်ရှာသွားလည်း၊ တပါးဆင်တူ၊ သွင်ပြင်မူမှာ၊ နှစ်ဆူမရ၊ တူမမျှနိုင်သည့်၊ ရူပအစိန္တေယျ-စသည် စွမ်းထုံ၊ ကျေးဇူးဂုဏ်တို့နှင့်၊ ပြည့်စုံကြွယ်သည့်၊ ရှိနိုတွတ်ထား၊ ရှင်တော်မြတ်ဘုရားသည်၊ **ဣဓ**၊ ဖူးမြော်ရာဒေသ၊ ဤဌာနသို့။ **အနုကမ္ပါယ**၊ ရွှေရင်တော်ဖွါး၊ အရှင့်သားနှင့်၊ ယှဉ်ထားရည်တူ၊ အစဉ်သနားတော်မူပါသဖြင့်။ **အာဂစ္ဆ**၊ ထွက်ချီကြွနှံ့မြူး၊ ကြွလာတော်မူဦး၍။ **မမ**၊ ဘဝညွတ်ကွင်း၊ ဝဋ်အတွင်းမှ၊ လွတ်ကင်းဆိတ်ညံ၊ ပြည်နိဗ္ဗာန်ကို၊ စိတ်သန်ရည်ရော်၊ ဘုရား တပည့်တော်၏။ **အာသနေ**၊ စိတ်ကရည်ရှူး၊ အထူးအမြတ်၊ စိမံအပ်သော၊ နေရာအရပ်၌။ **သဏ္ဍာဟိ**၊ ယုဂန်တောင်တန်း၊

နေမိမာန်သန်း-သကဲ့သို့၊ ချိုးမွမ်းအံ့လောက်၊ဂုဏ်ရောင်တောက်လျှက်၊ကြွရောက်သီတင်းသုံး နေတော်မူပါအာတုလသခင်၊ ရွှေဘုန်းတော် အရှင်မြတ်ဘုရား။

အမှာ။ ။[တိလောက စကြာမင်းကြီး ဘုရားအဆူဆူ ပင့်ပုံကို အတုယူ၍ မြတ်စွာဘုရား ကြွမြန်းသီတင်းသုံးနေထိုင်တော်မူရန် မိမိစိတ်ဖြင့် ရည်မှန်း၍ အဆန်း တကြယ် နေရာတခုကို ဖန်ဆင်းထားပြီးမှ မြတ်စွာ ဘုရားကို ပင့်ရမည်။]

---

## ၂–တိုက်တွန်းနှိုးဆော်ခန်း

**အို–ပညာဖြင့် ဆင်ခြင်တတ်သော သူတော်ကောင်းအပေါင်းတို့**……ယခု ဆိုလတ္တံ့သော စကားရပ်ကို အဘယ်သို့ အောက်မေ့ မှတ်ထင်ကြ မည်နည်း၊ ကိုယ်ပိုင်ဉာဏ်ထုတ်၍ စဉ်းစားဆင်ခြင် ကြကုန်လော၊ သင်တို့-ငါတို့ကို အုပ်ချုပ်၍နေသော သူတို့ကိုအဘယ်သူတို့-ဟူ၍ဆိုကြမည်နည်း၊အဝိဇ္ဇာမင်းကြီးနှင့် တဏှာမိဖုရားကြီး နှစ်ဦးတို့ တွဲဘက်၍ အုပ်ချုပ်လျက် နေသည် မဟုတ်ပါလော……ယခုနေကြရသည်မှာ အဝိဇ္ဇာနှင့်တဏှာမင်းနှစ်ပါး ပိုင်စံသောနိုင်ငံတော်ကြီးအတွင်းမှာ လွတ်လပ်ခြင်းအမျိုးမျိုးရ၍ အဝဝသော ချမ်းသာသုခကို အခါခါ ခံစားနေကြရသည်ဟု မှတ်ထင်ကြသလော…… စင်စစ်မှာမူကား–လွတ်လပ်ခွင့်ရ၍ သုခကို ခံစားနေကြ ရသည်မဟုတ်၊ လွတ်လပ်ခွင့် မရသည့်အပြင် ကံတည်းဟူသော အမတ်ကြီးများက သင်တို့ကို

ကြိုးဒဏ်အပြစ်ပေး၍ စိရင်ချက်ချထားပြီးလျှင် ဤလူ့ဘုံတည်းဟူသော ထောင်ကြီးအတွင်း၌ ထည့်သွင်းချုပ်နှောင်ထားသည် မဟုတ်ပါလော…မကြာမီ သင်တို့ငါတို့တတွေ စက်တိုင်သို့ တက်ကြရတော့ မည်ဟု မှတ်ကြလော။

**အို–စက်တိုင်သား- စက်တိုင်းသူမတို့**…… ယခုစက်တိုင်မတင်မီအတွင်း ကြိုးဒဏ်အပြစ်ကြီးနှင့်ထောင်အကျဉ်းထားပြီးလျှင် ချမ်းချမ်းသာသာ နေထိုင်ကြရန် သင်တို့-ငါတို့အားသနားသဖြင့် ချမ်းသာခွင့် ပေးထားသည်ဟူ၍များ မှတ်ထင်ကြ သေးသလော……ကိုး ဆဲ့ခြောက်ဖြာ ဝေဒနာအမျိုးမျိုး သုံးဆဲ့နှစ်ပါးသော ကံကြမ္မာ အသွယ်သွယ် တဆယ်သောဒဏ် ငါးသွယ်သော ရန်မာန်အပေါင်းတို့က ထောင်းထောင်း ကြေညက်အောင် အတွင်သာ နှိပ်စက်လျက် တချက်ကမှ ချမ်းသာခွင့်မရအောင်ဒုက္ခလှိုင်းတဇိဇိနှင့်တလုံးပြီးတလုံး မိစီးနှိပ်စက်ကာ နေကြပုံများကို ကွက်ကွက်ကွင်းကွင်း ထင်လင်းအောင် ရှုစားဆင်ခြင် ကြဦးလော။

**အို-အသေကောင်လောင်းထိး, အသေကောင်လောင်းမတို့**……သင်တို့ ငါတို့ကြည့်ရှုရင်း, ကြည့်ရှုရင်းဖြင့်ပင် ကြိုးပေးချိန် နီးကပ်လာရကား– မရဏတည်းဟူသော အာဏာသားတို့ ဆိုက်ရောက်လာကြပြီးလျှင် မည်သူကမှ တားဆီး၍မရ တောင်းပန်တိုးလျှိုး၍လည်းမရ တန်ဆိုးလက်ဆောင်ထိုး၍လည်းမရပါဘဲ

အတင်းအဓမ္မဆွဲငင်ဆောင်ယူ၍ကြိုးတပ်ကာ စက်တိုင်တင်ပြီး အပြီးသပ် သတ်ဖြတ်ခြင်းကို ခံရတော့မည့်သူများမဟုတ်ပါလော……ကိုယ်ပိုင်ဉာဏ်ထုတ်၍ စဉ်းစားဆင်ခြင်ကြကုန်လော။

**အို–ပညာဖြင့်ဆင်ခြင်တတ်သောသူအပေါင်း**တို့……ယခုသင်တို့-ငါတို့ဆည်းကပ်ကိုးကွယ် မှီတွယ်အားထားရာအစစ် ဖြစ်ကြီး ဖြစ်တော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားသည် ဘုရားမဖြစ်မီသုံးဆဲ့တဘုံသားအကျဉ်းသမားဖြစ်စဉ်အခါက သုံးဆဲ့တဘုံ ထောင်ကြီးအတွင်း၌ ဆင်းရဲခြင်း အမျိုးမျိုးတို့ကို ကိုယ်ပိုင်ဉာဏ်ထုတ်ပြီးအဟုတ်သိတော်မူသောအခါ ထောင်ပိုင်မင်းကြီးများကို အိပ်မွေ့ချ၍ ထွက်မြောက်ရာ လမ်းပေါက်ကို လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင် သဲသဲမဲမဲ ထောင်တံခါး ပေါက်ခွဲပြီးလျှင် နောက်လိုက်နောက်ပါ လူ, နတ်, ဗြဟ္မာ ပေါင်းများစွာတို့နှင့်တကွ အဝိဇ္ဇာ,တဏှာ,ကံ စသော မင်းအမတ်ကြီးတို့၏ ပိုင်နက် ခရိုင် သုံးဆဲ့တနိုင်ငံဟူသော ထောင်ကြီးများအတွင်းမှ လွတ်လပ်စွာ ပဌမဆုံးထွက်မြောက်ခါ ကြွတော်မူလျက် လွတ်လပ်ခွင့်ရလိုသူများအတွက် လမ်းမကြီးဘို့ကိုဘန်းပြပြီး ထားခဲ့သည်မဟုတ်ပါလော။

**အို–ပညာဖြင့်ဆင်ခြင်တတ်သောသူအပေါင်း**တို့…သုံးဆဲ့တဘုံတည်းဟူသော ထောင်တံခါးကိုဖျက်ဆီး၍ လွတ်မြောက်ရာ လမ်းမကြီးကို အမျိုးမျိုး ညွှန်

ကြား ပြသထားသည်ဖြစ်ပါလျှက် ထိုလမ်းမသို့မလိုက် ပါဘဲ ထောင်ကြီး အတွင်း၌သာ ကြိုးဒဏ် အပြစ်နှင့် အသက်ကိုအဖန်ဖန် စွန့်လျှက် နှစ်သက်တွယ်တာကာ နေခဲ့ကြလျှင် သုံးဆဲ့တဘုံတည်းဟူသော ထောင်ကြီး၏ အပြစ်လော, အဝိဇ္ဇာမင်းကြီး၏ အပြစ်လော, တဏှာ မိဖုရားကြီး၏ အပြစ်လော, ကံတည်းဟူသော အမတ် ကြီး၏အပြစ်လော,သင်တို့ငါတို့၏အပြစ်လော, စင်စစ် မှာမူကား၊ နှောင်အိမ်ကို ပုခက်ထင်၍ အညိမ့်စီးနေကြ သော သင်တို့ငါတို့၏ အပြစ်သာ မဟုတ်ပါလော။

အို-ပညာဖြင့် ဆင်ခြင်တတ်သောသူအပေါင်း တို့……ယခုအခါ အဝိဇ္ဇာ,တဏှာ ထောင်ပိုင် မင်းကြီး တို့ကို အိပ်မွေ့ချနည်းနှင့် ၎င်းတို့၏ထောင်တံခါးဖေါက် နည်းတို့ကို ဖေါ်ပြထားသော လွတ်ထွက်ကြောင်း သာသနာတော်ကြီးနှင့် တွေ့ကြုံရိုက်ဖြစ်ရကား သုံးဆဲ့ တဘုံတည်းဟူသော ထောင်အိမ်ကြီးအတွင်းမှ လွတ် မြောက်ရာ ထွက်ရာလမ်းစ တခုခုကို အမှီသဟဲ မြဲမြဲ ကြီး စွဲကိုင်လျှက် နေ့ရှိသမျှ ဖွေးဖွေးထနေသော လမ်း မကြီးကို ကောင်းကောင်းကြီး ရကြရောက်ကြလေ အောင် အထူးအားထုတ်ရန် သင့်တော်ပြီ မဟုတ်ပါ လော……ထို့ကြောင့် ပညာဖြင့် ဆင်ခြင်တတ်သော သူ အပေါင်းတို့သည် ဝဋ္ဋဒုက္ခ နှောင်အိမ်ကြီး အတွင်းမှ ထွက်မြောက်ကြောင်း“နိယျာနိက”သာသနာတော်ကြီး ကို အမှီပြု၍ ထွက်မြောက်ရန် ကြိုးစား အားထုတ်ဘို့

အချိန် ကြရောက်ပေပြီတကား–ဟု သတိပညာ ရှေး ထား၍ အသူ့အား ထုတ်ကြိုးစား နိုင်ကြပါစေကုန် သတည်း။ ။

---

## ၃။ အာဝေဏိကဂုဏ်တော် ပါဠိ

၁။ ဗုဒ္ဓါနံ ဇိဝိတာသာ နသက္ကာ ကေနစိ အန္တရာ ယော ကာတုံ။

၂။ ဗုဒ္ဓါနံ သဗ္ဗညုတ ဉာဏာသာ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

၃။ ဗုဒ္ဓါနံ အသီတိဟတ္ထာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

၄။ ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံဗျာမပ္ပဘာ ယဝါ နသက္ကာ ကေနစိ အန္တရာယော ကာ တုံ။ဗုဒ္ဓမေသံ စတုန္နံ နသက္ကာ ကေနစိ အန္တရာ ယောကာတုံ။တထာ မေ ဟောတု။

အမှာ။ ။[ဤပါဠိ ၄–ပုဒ်သည်၊ ဝိနည်းအဋ္ဌကထာ ဝေရဉ္ဇာ ကဏ္ဍ၌ လာသော အစဉ်အတိုင်းကား မကျတတ်။ ထိုအတိုင်း အစဉ်မကျသော်လည်း အပြစ်မရှိဟုသိ။]

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိ ဟတံ ဉာဏံ။

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိ ဟတံ ဉာဏံ။

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

ဣမေဟိ တီဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

၄။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
၅။ သဗ္ဗံဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
၆။ သဗ္ဗံမနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

၇။ နတ္ထိ ဆန္ဒဿ ဟာနိ။
၈။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။
၉။ နတ္ထိ ဝီရိယဿ ဟာနိ။
၁၀။ နတ္ထိ သမာဓိဿ ဟာနိ။
၁၁။ နတ္ထိ ပညာယ ဟာနိ။
၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

၁၃။ နတ္ထိ ဒဝါ။
၁၄။ နတ္ထိ ရဝါ။
၁၅။ နတ္ထိ အဖုဋံ။
၁၆။ နတ္ထိ ဝေဂါယိတတ္တံ။
၁၇။ နတ္ထိ အဗျာဝဋ မနော။
၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

ဆူမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာ ဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော၊ သသဒ္ဓမ္မ ဂဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သညာတိဂဏံ ရက္ခတုမံ၁ စိရံ သဒါ၊ သဗ္ဗကာမဒဒေါ ဟောတု မယှမေဝ စိရံ သဒါ။

အမှာ။ ။ [၁ဤအစဥ်ကား-ဝိဘင်းမူလဋီကာဥလာသော အစဥ်တည်း။]

**အာဝေဏိကဂုဏ်တော်ပါဠိပြီး၏။**

## အာဝေဏိကဂုဏ်တော်အနက်

၁။ ဗုဒ္ဓါနံ၊ သတ္တာလေးပါး ဥဿျာမိတရားငါးပါးတို့ကို ပိုင်းခြားကုန်စင် သိမြင်တော် မူကြကုန်သော ဘုရားရှင်တို့၏။ ဇိဝိတဿ၊ အသက်ဇီဝိ တိန္ဒြေ၏။ အန္တရာယော၊ ပျက်စီးကြောင်း ဖြစ်သော ဘေးရန် အန္တရာယ်ကို။ ကေနစိ၊ တစုံတယောက်သောဆန့်ကျင် ဘက်ပုဂ္ဂိုလ်သည်။ကာတုံ၊ ပြုခြင်းငှါ။ နသက္ကာ၊မတတ်ကောင်း။

၂။ ဗုဒ္ဓါနံ၊သတ္တာလေးပါး ဥဿျာမိတရား ငါးပါးတို့ကို ပိုင်းခြားကုန်စင် သိမြင်တော် မူကြကုန်သော ဘုရားရှင်တို့၏။ သဗ္ဗညုတဉာဏဿ၊သဗ္ဗညုတဉာဏ်တော်၏။အန္တရာယော၊ပျက်စီးကြောင်းဖြစ်သောဘေးရန် အန္တရာယ်ကို။ကေနစိ၊ တစုံတယောက်သော ဆန့်ကျင် ဘက်ပုဂ္ဂိုလ်သည်။ ကာတုံ။ပြုခြင်းငှါ။နသက္ကာ၊မတတ် ကောင်း။

၃။ ဗုဒ္ဓါနံ၊ သဗ္ဗာလေးပါး ဥဒယျခမ်တရား ငါးပါး တို့ကို ပိုင်းခြားကုန်စင် သိမြင်တော် မူကြကုန်သော ဘုရားရှင်တို့၏။ အဗ္ဗာသယ၊ အကျိုး၄ါ။ အတိပာဍုာနံ၊ ရှေးရှုဆောင်အပ်ကုန်သော။ စတုန္နံ-ပစ္စယာနံ၊ သင်္ကန်း ဆွမ်း, ကျောင်း, ဆေး, ပစ္စည်း လေးပါးတို့၏။ အန္တရာ ယော၊ ပျက်စီးကြောင်းဖြစ်သော ဘေးရန်အန္တရာယ် ကို။ ကေနစိ၊ တစုံ တယောက်သော ဆန့်ကျင်ဘက် ပုဂ္ဂိုလ်သည်။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကာ၊ မတတ် ကောင်း။

၄။ ဗုဒ္ဓါနံ၊သဗ္ဗာလေးပါး ဥဒယျခမ်တရား ငါးပါး တို့ကို ပိုင်းခြားကုန်စင် သိမြင်တော် မူကြကုန်သော ဘုရားရှင်တို့၏။ အသီတိယာ၊ ရှစ်ဆယ်သော။ အနုဗျဉ္ဇ နာနံဝါ၊ လက္ခဏာတော် ငယ်တို့၏ရင်း။ ဗျာမပ္ပဘာယ ဝါ၊ ကိုယ်တော်မှထွက် အောက်, ထက်ဝန်းကျင် မြ လျှင်တည်ရှိ ‘အသီတိ’ ရှစ်ဆယ် ခြောက်သွယ်သော ရောင်ခြည်တော်တို့၏ရင်း။ အန္တရာယော၊ ပျက်စီး ကြောင်းဖြစ်သော ဘေးရန်အန္တရာယ်ကို။ ကေနစိ၊တစုံ တယောက်သော ဆန့်ကျင်ဘက်ပုဂ္ဂိုလ်သည်။ ကာတုံ၊ ပြုခြင်း၄ါ၊နသက္ကာ၊မတတ်ကောင်း။..... ဗုဒ္ဓမေသံ-စတုန္နံ၊ ဤလေးပါးသော သဘောတရားတို့၏။ အန္တရာယော၊ ပျက်စီးကြောင်းဖြစ်သောဘေးရန် အန္တရာယ်ကို။ ကေန စိ၊ တစုံတယောက်သော ဆန့်ကျင်ဘက် ပုဂ္ဂိုလ်သည်။ ကာတုံ၊ပြုခြင်း၄ါ၊နသက္ကာ-ယထာ၊မတတ်ကောင်းသကဲ

သို့။ တထော၊ ထို့ အတူ။ မေ၊ငါ့အား။ ပေါတတု၊ မရှုမသေ့
ဖြစ်ပါစေသတည်း။

**အမှာ။** ။[မိမိအတွက် ရွတ်ဘတ်ရာ၌သာ''မေ''ဟုရွတ်ရမည်။ သူတပါးအတွက်ရွတ်ဘတ်ရာ၌ကား ''တေ''ဟုရွတ်ဘတ်။အနက်ပေးရာ၌လည်း– တေ၊ သင့်အား-ဟုအနက်ပြင်ပေးလေ။]

၁။ အတိတံသေ ၊ အတိတ်အတွဲ၌။ ဝါ၊ အတိတ်အတွဲဖြစ်သော ခန္ဓာ,အာယတန, ဓာတ်၌။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး တရားရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ အပိတ်အပင် အဆီးအတား မရှိ။

၂။ အနာဂတံသေ၊ အနာဂတ်အတွဲ၌။ ဝါ၊အနာဂတ်အတွဲဖြစ်သော ခန္ဓာ, အာယတန, ဓာတ်၌။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး တရားရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ အပိတ်အပင် အဆီးအတားမရှိ။

၃။ ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန်အတွဲ၌။ ဝါ၊ ပစ္စုပ္ပန်အတွဲဖြစ်သောခန္ဓာ, အာယတန, ဓာတ်၌။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး တရားရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ အပိတ်အပင် အဆီး အတားမရှိ။ ·····ဣမေဟိ တီဟိဓမ္မေဟိ၊ ဤသုံးပါးသောတရားတို့နှင့်။သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး တရားရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။

၄။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကာယကံမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေးသွားရှိ၏။ ဉာဏာနုပရိဝတ္တံ၊ :ဉာဏ်တော်သို့ အစဉ်လိုက်၏။

၅။ သဗ္ဗံ၊အလုံးစုံသော။ ဝစီကမ္မံ၊ ဝစီကံမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေးသွားရှိ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့အစဉ်လိုက်၏။

၆။ သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ မနောကံမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေးသွားရှိ၏။ ဉာဏာနုပရိဝတ္တံ၊ဉာဏ်တော်သို့အစဉ်လိုက်၏။...ဣမေဟိ ဆဟိဓမ္မေဟိ၊ ဤခြောက်ပါးသော တရားတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး တရားရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။

၇။ ဆန္ဒဿ၊ သမာဆန္ဒတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်း မည်သည်။ နတ္ထိ၊ မရှိ။

၈။ ဓမ္မဒေသနာယ၊ တရားဟောတော်မူခြင်း၏။ ဟာနိ၊ ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

၉။ ဝီရိယဿ၊ လုံ့လဝီရိယတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

၁၀။ သမာဓိဿ၊ သမာဓိတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်း မည်သည်။ နတ္ထိ၊မရှိ။

၁၁။ ပညာယ၊ ပညာတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

၁၂။ ဝီရိယဿ၊ အရဟတ္တဖိုလ်၏။ ဟာနိ၊ ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ၊ မရှိ။……ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ၊ ဤတဆဲ့ နှစ်ပါးသော တရားတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး တရား ရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။

၁၃၊ ဒဝါ ရယ်မြူးလို၍ ပြုခြင်းမည်သည်။နတ္ထိ၊ မရှိ။

၁၄။ ရဝါ၊ မပူးစပ်းမှု၍ အဆောတလျင် ပြုခြင်းမည်သည်။ နတ္ထိ၊ မရှိ။

၁၅၊ အဖုရံ၊ ဉာဏ်တော်ဖြင့် မထိမရောက်အပ်သော တရားမည်သည်။ နတ္ထိ၊ မရှိ။

၁၆။ ဝေဂါယိတတ္တံ၊လျင်မြန်စွာပြုခြင်းမည်သည်။ နတ္ထိ၊မရှိ။

၁၇။ အဗျာဝဋမနော၊ အားထုတ်လိုခြင်း ကင်းသော စိတ်တော်၏ ဖြစ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

၁၈။ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဉာဏ်ကင်းသော လျစ်လျူရှုခြင်းမည်သည်။ နတ္ထိ၊ မရှိ။…ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ၊ ဤတဆဲ့ ရှစ်ပါးသော တရားတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး တရားရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်

စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ ။သသဒ္ဓမ္မ ဂဏုတ္တမော၊ သူတော်ကောင်းတို့၏ တရား,မြတ်သော အရိယာ ပုဂ္ဂိုလ်အပေါင်းနှင့်တကွ ဖြစ်တော်မူသော။ သမ္မာသမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားတို့ကို မဖေါက်မပြန် ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားသည်။ သပရိဝါရံ၊အခြံအရံနှင့် တကွသော။ သဉာတိဂဏံ၊ ဆွေမျိုးအပေါင်းနှင့်တကွသော။ မံ၊ အကျွန်ုပ်ကို။ သဒါ၊ အခါခပ်သိမ်း။ စိရံ၊ ကြာမြင့်စွာ။ ရက္ခတု၊ စောင့်ရှောက် ပါစေသတည်း။ မယှမေဝ၊ အကျွန်ုပ်အားသာလျှင်။ သဒါ၊အခါခပ်သိမ်း။ စိရံ၊ ကြာမြင့်စွာ။ သဗ္ဗကာမဒဒေါ၊ အလုံးစုံသော အလိုဆန္ဒကို ပေးနိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

**အမှာ။** ။ [အတိတ်အဘို့ဟူသည်၊ အတိတ်ဖြစ်သော ရှေးက ဖြစ်ခဲ့ဘူးသော ခန္ဓာ, အာယတန, ဓာတ်တို့ကိုဆိုသည်။အနာဂတ်အဘို့ ပစ္စုပ္ပန်အဘို့တို့လည်းနည်းတူ, အနာဂတ်ခန္ဓာ,အာယတန,ဓာတ်,ပစ္စုပ္ပန်ခန္ဓာ,အာယတန,ဓာတ်တို့ကိုဆိုသည်။....ဤအာဝေဏိကဂုဏ်တော်ပါဠိအနက်ကို နှုတ်တတ်ရအောင် ကျက်ပြီးလျှင် အိပ်ရာဝင်,အိပ်ရာထ ညဉ့်,နံနက်တခေါက်စီ ရွတ်က အန္တရာယ်ကင်း၍ အသက်ရှည်ခြင်း အကျိုးရပေလိမ့်မည်။ [အသက်ရှည်လိုလျှင် ဤဂုဏ်တော်ကိုရွတ်။]

**အာဝေဏိက ဂုဏ်တော်အနက် ပြီး၏။**

## ၃-ကမ္မဋ္ဌာန်းအလုပ် အားထုတ်လိုသူများ အတွက်-ပုဗ္ဗဘာဂ ပဋိပဒါအမြွက်မျှ ပြဆိုခဲ့၏၊

## (လက်ဦးဆုံးမေတ္တာပွါးရမည်-ပွါးပုံ)

၁။ ငါသည် ရန်ကင်းပါစေ၊စိုးရိမ်ခြင်းကင်းပါစေ၊ ဆင်းရဲခြင်း ကင်းပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ပါစေ။

၂။ ငါတို့-အိမ်တွင်းရှိ လူအပေါင်းတို့သည်၊ ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

၃။ ငါတို့-အိမ်တွင်း,အရာမ်တွင်းရှိ နတ်အပေါင်းတို့သည်၊ ရန်ကင်းကြပါစေ၊စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

၄။ ငါတို့-မြို့ရွာနေ အကြီးအကဲဖြစ်ကုန်သော လူတို့သည် ရန်ကင်းကြပါစေ၊စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

၅။ ငါတို့-မြို့,ရွာနေ လူတို့ကိုအစပြု၍အလုံးစုံသော သတ္တဝါ အပေါင်းတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်

ခြင်း ကင်းကြပါစေ၊ဆင်းရဲခြင်း ကင်းကြပါစေ၊မိမိတို့ ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

အမှာ။ ။[ ဆိုအပ်ပြီးသော မေတ္တာပွါးနည်း အတိုင်း ကမ္မဋ္ဌာန်းကို အားထုတ်သူများ အလိုရှိအပ်သော ကမ္မဋ္ဌာန်းအားမထုတ်မီ တခေါက်ကျစီ ပွါးများရမည်။ ကမ္မဋ္ဌာန်းအထူး အားမထုတ် သူများကား ညဉ့်၊ နံနက်တခေါက်ကျစီ ပွါးများရမည်။ ဤသို့ ညဉ့်၊ နံနက်မပျက်မကွက် တခေါက်ကျစီ ပွါးနိုင်လျှင် လူချစ်ခြင်း၊ နတ်ချစ်ခြင်း၊ ကောင်းစွာ အိပ်ရခြင်း၊ ကောင်းစွာ နိုးရခြင်း၊ သွားလေရာရာ မျက်နှာပွင့်လန်းခြင်း၊ မတွေမဝေသေရခြင်း၊ သေပြီးနောက် နတ်ပြည်သို့ ရောက်ရခြင်း စသော အကျိုးထူးများ ခံစားရလိမ့်မည်။]

## (ထို့နောက်မရဏာဿတိကို ပွါးရမည်-ပွါးပုံ)

၁။ နေရှိန်ထန်ပြင်း၊ နှိပ်စက်ညှဉ်းပန်း၊ချောင်းငယ်ခန်းဟူ၊ ထို့အတူ၊ငါမူသေလတ္တံ့။

၂။ နံနက်ရောက်လေ၊ သစ်သီးကြွေကြွေ၊ ထို့တူ ထား၊ငါကားသေလတ္တံ့။

၃။ မြေအိုးမြေခွက်၊ ကွဲပျက်မြန်စွာ၊ ထို့တူသာ၊ ငါ့မှာသေလတ္တံ့။

၄။ နေရှိန် ထွန်းတောက်၊ ဆီးနှင်း ပေါက်များ၊ ပျောက်ပျက်ကြွားပါ၊ ထို့တူသာ၊ ငါ့မှာသေလတ္တံ့။

၅။ နွားသတ် ရုံဆောင်၊ နွားကောင် တသင်း သေခြင်းနီးပါး၊ ထို့တူထား၊ ငါကားသေလတ္တံ့။

၆။ တနေ့ရောက်က၊ မြဲရချ၊ သေရပေလတ္တံ့။
ငါကား-သေခြင်းကို မလွန်မြောက်နိုင်ပါ-တကား။

၁။ ခြံရံပေါများ၊ မင်းတို့အားပေ၊ ထိုသူတွေ၊ သေချေကုန်ကြပြီ။ ။ခြံရံနည်းသူ၊ တို့လိုလူမှာ၊ ဆိုဘွယ်ရာ၊ဘယ်မှာရှိတော့မည်။

၂။ စည်းစိမ်ကြီးမား၊ သူဌေးများပေ၊ ထိုသူတွေ၊ သေချေကုန်ကြပြီ။ ။စည်းစိမ်နည်းသူ၊တို့လိုလူမှာ၊ဆိုဘွယ်ရာ၊ဘယ်မှာရှိတော့မည်။

၃။ ခွန်အားကြီးမား၊ စစ်သည်များပေ၊ ထိုသူတွေ၊ သေချေကုန်ကြပြီ။ ။ခွန်အားနည်းသူ၊တို့လိုလူမှာ၊ဆိုဘွယ်ရာ၊ဘယ်မှာရှိတော့မည်။

၄။ တန်းခိုးပြည့်လျှံ၊မောဂ္ဂလာန်ထေရ်အား၊တန်းခိုးကားမှု၊ မကယ်ယူပြန်၊ သေမင်းထံ၊ အမြန်ကြွရသည်။ ။တန်းခိုးနည်းသူ၊ တို့လိုလူမှာ၊ ဆိုဘွယ်ရာ၊ဘယ်မှာရှိတော့မည်။

၅။ ပညာကြီးဘိ၊သာရိပုတြာ၊ ထေရ်မဟာသော်၊ မရဏာမင်း၊ သူ့ခံတွင်း၊ သက်ဆင်း ရတော့သည်။ ။ပညာနည်းသူ၊တို့လိုလူမှာ၊ဆိုဘွယ်ရာ၊ဘယ်မှာ ရှိတော့မည်။

၆။ တရားပိုင်ပိုင်၊ ကိုယ်ပိုင်သိကြ၊ ပစ္စေကဟု၊ ဗုဒ္ဓထင်ရှား၊ ဘုရားငယ်ပင်၊ နိဗ္ဗာန်ခွင်၊ စံဝင်ရတော့သည်။

တရားမရှိ၊ မသိမိုက်သူ၊ တို့လိုလူမှာ၊ ဆိုဘွယ်ရာ၊ဘယ်မှာရှိတော့မည်။

၇။ ဘုန်းတန်းခိုး ပညာ၊ တုမရှိပါပြား၊မြတ်ဘုရား ကြီးပင်၊ နိဗ္ဗာန်ခွင်၊ စံဝင်ရတော့သည်။

ဘုန်းတန်းခိုးပညာ၊နည်းရှာလေသူ၊တို့လိုလူမှာ၊ ဆိုဘွယ်ရာ၊ ဘယ်မှာရှိတော့မည်။

## ကေန်မုချ ငါသေရလတ္တံ့

အမှာ။ ။[ဤမရဏာဿတိ,ပွါးနည်းခုနစ်နည်းတို့တွင် တနည်းနည်းကို အမြဲအားထုတ်ပွါးများပါက ဈာန်ကိုလည်း ရနိုင်သည်။အကယ်၍ အမြဲတန်းအားမထုတ်နိုင်သော်ညှ်, နံနက်တခေါက်ကျစီ ရွတ်ဘတ်နိုင်လျှင် ဘဝသုံးပါးကို မတောင့်တတော့ခြင်း, ကိုယ် အသက်မငဲ့ကွက်တော့ခြင်း, မကောင်းမှုကို ကဲ့ရဲ့နိုင်ခြင်း, ပစ္စည်းအပေါ်၌ မငဲ့ကွက်တော့ခြင်း, သေဘေးနှင့်တွေ့သော်လည်း မကြောက်ရွံ့တော့ခြင်း,မတွေမဝေသေရခြင်း, သေပြီးနောက် နတ်ပြည်ရောက်ရခြင်း, လက္ခဏာရေးသုံးပါး ထင်လာနိုင်ခြင်း စသော အကျိုးတရား များပြားလှ၏....လက်ကိုင်ထားပြီးအားထုတ်ကြလေ။]

နိလ္လဇ္ဇံ-ဝီတသာရဇ္ဇံ၊
သဗ္ဗ-သတ္တာ-ဘိမဒ္ဒနံ၊
တယိဒံ မာဒိသံ သတ္တံ၊
ကထံ နာ ဘိ-ဘဝိဿတိ။

နိလ္လဇ္ဇံ၊ သတ်ရန်အတွက် အရှက်လည်းမရှိထသော။ ဝီတသာရဇ္ဇံ၊ ကြောက်ရွံ့ခြင်းကင်းတုန်လှုပ်ခြင်းလည်း မရှိသေသော။ **သဗ္ဗ-သတ္တာ-ဘိမဒ္ဒနံ**၊ သတ္တဝါခပင်းကို သတ်ဖြတ်ခြင်း၌အားနေသော။ **တယိဒံ**၊ အသက်ကို ချွင်း၊ မရှောတည်းဟူသော ထိုသေမင်းသည်။ **မာဒိသံသတ္တံ**၊ ငါသို့သောသူကို။ **ကယံနာဘိ-ဘဝိဿတိ**၊ အဘယ်မှာ မနှိပ်စက်ဘဲ ရှိနိုင်တော့အံ့နည်း။ **အဘိဘဝိဿတိဧဝ**၊ အသက်ထွက်အောင် နှိပ်စက်တော့မည် သာတည်း။

အမှာ။ ။[ဤဂါထာပါဠိ အနက်ကား-ပွါးများရန် မဟုတ်၊ နှလုံးသွင်းဘို့ရန်သာ ဖြစ်သည်။]

## (ထို့နောက်အသုဘကိုပွါးရမည်။....ပွါးပုံ)

၁။ အရိုးတိုင်သဘော၊အကြောဖွဲ့စပ်၊ အသားကပ် မြှုပ်၊ အရေထူအရေပါး၊အုပ်ထားသောကိုယ်ကောင်ပါ တကား။

၂။ ကိုးပေါက်ဒွါရ၊ အမာဝမှ၊ ယိုကျရွံဘွယ်၊ စက် ဆုပ်ဖွယ် ကောင်းလှသော ကိုယ်ကောင်ပါ တကား။

၃။ ပိုးမျိုးအများ၊ဖွါးရာပျော်ရာ၊ သေရာ သင်းချိုင်း ဖြစ်သော ကိုယ်ကောင်ပါ တကား။

၄။ ဒုက္ခရောဂါ၊ ပေါင်းများစွာတို့၊ တည်ရာ ဖြစ် သော ကိုယ်ကောင်ပါ တကား။

၅။ ရေဆေးတန်ဆာ၊ဖုံးထားပါမှ၊ ရှုမြင်ရနိုင်၊မဖုံး ပိုင်လင့်၊မင်းနှင့်ဒွန်းစဉ်ညှာ၊မထူးခြားသော ကိုယ်ကောင် ပါတကား။

၆။ အငြါးတန်ဆာ၊ ဆင်ထားပါမှ၊ သုဘာထင်အပ်၊ ပရမတ်ဖြင့်ရှာ၊ သူငါမထင်၊ နှစ်သက်ဖွယ် မမြင်သော ကိုယ်ကောင်ပါ တကား။

၇။ ခန္ဓာကိုယ်မှ၊ မကျမိသာ၊ နှစ်သက်စရာ၊ ပြုတ် ကျလာလျှင်၊ ရွံဘွယ်ပင်ဖြစ်သော ကိုယ်ကောင်ပါ တကား။

၈။ ခန္ဓာကိုယ် အတွင်းသားကို အပြင်ပ လှန်ထား လျှင် ကျီး,ခွေး,လင်းတ၊မောင်းနေရမည့် ကိုယ်ကောင် ပါတကား။

အမှာ။ ။[ဤရှစ်ပုဒ်တို့တွင် နှစ်သက်ရာတပုဒ်ပုဒ်ကို ပွါးများ အားထုတ်နိုင်သည်။]

အသုဘောဝိအယံကာယော၊
ကန္တော နိစ္စံ သုခံ သုဘံ။
အန္ဓကာရေန ဩနဒ္ဓါ၊
အတ္တံဂဏှန္တိ ဗာလိယာ။ ။

**အယံကာယော၊** သုံးဆဲ့နှစ်ခု ကောဋ္ဌာသအစုဖြစ် သော ဤကိုယ်ကောင်သည်။ **အသုဘောဝိ၊** ရွံစရာ ကောင်းစွ၊အသုဘာပင်ဖြစ်သော်လည်း။ **အန္ဓကာရေန၊** အဝိဇ္ဇာတိမ်တောင် မောဟမှောင်သည်။ ဩနဒ္ဓါ၊

ထွေးကာ ယှက်သန်း၊ မှေးကာ လွှမ်းကုန်သည်ဖြစ်၍။ **ဗလိယာ**၊ တောခွေးတူမှု အရိုက်ထိး, အရိုက်မတ်ရှိသည်။ **ဠုမ်ကာယံ**၊ သုံးဆဲ့နှစ်ရ ကောဋ္ဌာသအရဖြစ်သော ဤကိုယ်ကောင်ကို။ **ကန္တံ**၊ နှစ်သက်စရာလွန်စွာကောင်း၏ပဟူ၍။ **နိစ္စံ**၊ ထာဝရတည်တွဲ မြဲ၏ပဟူ၍။ **သုခံ**၊ ချမ်းသာ၏ပဟူ၍။ **သုဘံ**၊ တင့်တယ်၏ပဟူ၍။ **အတ္တံ**၊ ငါ့ကိုယ်ပဟူ၍။ **ဂဏှန္တိ**၊ တဏှာဒိဋ္ဌိ မာနပြု၍ စွဲမိစွဲချာ စွဲလှမ်းကာ ယူကြကုန်သတည်း။

**အမှာ။** ။(ဤဂါထာပါဠိ အနက်လည်း ပွါးများရန်မဟုတ်၊ နှလုံးသွင်းရန်သာဖြစ်သည်။)

**မှတ်ချက်။** ။ဆိုအပ်ပြီးသော မေတ္တာ ပွါးပုံ မရဏာသတိပွါးပုံ၊အသုဘပွါးပုံ၊ ၃ မျိုးကို ကမ္မဋ္ဌာန်းတိုင်း မစီးဖြန်းမိ အစစွာ အားထုတ်ရန် လိုအပ်သောကြောင့် “သဗ္ဗတ္ထက ကမ္မဋ္ဌာန်း” ဟုခေါ်သည်။ယင်း ၃-ပါးကို ဗုဒ္ဓါနုဿတိ, စသော ဘာဝနာမပွါးမီတခေါက်စီလောက် ပွါးများရွတ်ဘတ်ရမည်။

---

## ၄။ ဗုဒ္ဓါနုဿတိဘာဝနာခဏ်း ပွါးပုံ

၁။ ဗုဒ္ဓေါဇိနော၊ မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရား ပါတကား။...... [ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်,မစ္စုမာရ်, အဘိသင်္ခါရမာရ် ဟူသော မာရ်ငါးပါးကို အောင်တော်မူရာဖြစ်သော

ဗောဓိပင်နှင့် ပလ္လင်တော်ကို စိတ်ထဲက ဖန်ဆင်းပြီး မြတ်စွာဘုရား ထိုပလ္လင်ပေါ်၌ တင်ပြင်ဖွဲ့ခွေ ထိုင်နေတော်မူပုံကို အာရုံပြုပြီးမှ ဤဂုဏ်တော်ကို ပွါးများအားထုတ်ရမည်။......မြတ်စွာဘုရားသည် ပလ္လင်ပေါ်၌ ၇–ရက်ပတ်လုံး သီတင်းသုံးနေတော်မူသည်၊ ထို ၇–ရက်ကို "ပလ္လင်္ကသတ္တာဟ"ခေါ်သည်။]

၂။ အရဟံ၊အလုံးစုံသော ကိလေသာတို့ကို ဝါသနာနှင့်တကွ သတ်တော်မူပြီးသော မြတ်စွာဘုရားပါတကား။......[မာရ်ငါးပါး အောင်ရာဖြစ်၍ ပလ္လင်တော်ကို မမှိတ်သော မျက်စိဖြင့် ပလ္လင်တော်၏ အရှေ့မြောက်ထောင့် အရပ် ခပ်လှမ်းလှမ်းမှ ရပ်လျက်ကြည့်နေတော်မူပုံကို အာရုံပြုပြီးမှ ဤဂုဏ်တော်ကို ပွါးများ အားထုတ်ရမည်။......၇-ရက်ပတ်လုံး မမှိတ်သောမျက်စိဖြင့် ပလ္လင်တော်ကို ရပ်၍ကြည့်နေခြင်းကို "အနိမိသ သတ္တာဟ"ခေါ်သည်။]

၃။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော် မူပြီးသော မြတ်စွာဘုရားပါ တကား။......[ပလ္လင်တော်နှင့် ပလ္လင်တော်ကို ရပ်ကြည့်ရာ အရပ်-၂-ခုတို့၏အကြား အရှေ့အနောက် ရှည်လျားသော ရတနာစင်္ကြံကြီး၌-၇-ရက်ပတ်လုံး စင်္ကြံကြွလျက် နေတော်မူပုံကို အာရုံပြုပြီးမှ ဤဂုဏ်တော်ကို ပွါးများ အားထုတ်ရမည်။......စင်္ကြံကြွတော်မူသော-၇–ရက်ကို "စင်္ကမသတ္တာဟ" ခေါ်သည်။]

၄။ ဝိဇ္ဇာစရဏသမ္ပန္နော၊ဝိဇ္ဇာသုံးပါး,ဝိဇ္ဇာရှစ်ပါး, စရဏတဆဲ့ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား။…… [နတ်တို့ ဖန်ဆင်းအပ်သော ရတနာမှုန်စင်္ကြံတော်၌ တင်ပြင်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ၇-ရက်ပတ်လုံး အဘိဓမ္မာ-၇-ကျမ်းကို သုံးသပ်တော်မူနေပုံကို အာရုံပြုပြီးမှ ဤဂုဏ်တော်ကို ပွါးများအားထုတ်ရမည်။…… ဤအဘိဓမ္မာ၇-ကျမ်းကို သုံးသပ်ဆင်ခြင်နေသော ၇-ရက်ကို "ရတနာစင်္ကြသတ္တာဟ" ခေါ်သည်။]

၅။ သုဂတော၊ ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူသော မြတ်စွာဘုရားပါတကား။…[ဗောဓိပင်၏ အရှေ့တည့်တည့်၌ရှိသော ဆိတ်ကျောင်းသားတို့နေရာဖြစ်သော ဆိတ်ကျောင်းညောင်ပင်ရင်း၌ ၇-ရက်ပတ်လုံးတင်ပြင်ဖွဲ့ခွေ ထိုင်နေတော်မူလျက် အရဟတ္တဖိုလ်ချမ်းသာခံစားကာ နေတော်မူပုံကို အာရုံပြုပြီးမှ ဤဂုဏ်တော်ကို ပွါးများ အားထုတ်ရမည်။…… ဆိတ်ကျောင်း ညောင်ပင်ရင်း၌ ၇-ရက်ပတ်လုံး သီတင်းသုံးနေတော်မူခြင်း ကို "အဇပါလသတ္တာဟ" ခေါ်သည်။]

၆။ လောကဝိဒူ၊ သင်္ခါရလောကကို ဒုက္ခသဘောစသည်ဖြင့်သိတော်မူသောမြတ်စွာဘုရားပါတကား။…… [ကျည်းပင်ရင်း၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူခိုက် မိုးကြီး ၇-ရက် ရွာနေသဖြင့် "မုစလိန္ဒာ" နဂါးကြီးလာပြီး မြတ်စွာဘုရားအား အပူအအေးစသည် မနှိပ်စက်ပါစေခြင်းအကျိုးငှါ မြတ်စွာဘုရားကို ၇-ပတ်ခွေ

လျက် ဦးခေါင်းတော်ကို ပါးပျဉ်းဖြင့် ၇-ရက်ပတ်လုံး အုပ်ထားသည်။ထိုပုံတော်ကိုအာရုံပြုပြီးမှ ဤဂုဏ်တော် ကို ပွါးများရမည်။ ...... ဤကျည်းပင်ရင်း၌ နေသော ၇-ရက်ကို "မုစလိန္ဒသတ္တာဟ"ခေါ်သည်။]

၇။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အတုမရှိ မြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေးသေးသော လူ ယောက်ျား, နတ်ယောက်ျား, တိရစ္ဆာန်ယောက်ျားတို့ ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာ ဘုရားပါတကား။......[ဗောဓိပင်၏ အရှေ့တောင်ထောင့် အရပ်၌ရှိသော လင်းလွန်းပင်ရင်း၌ ၇-ရက်ပတ်လုံး တင်ပြင်ခွေ ထိုင်နေတော်မူပုံကို အာရုံပြုပြီးမှ ဤဂုဏ် တော်ကို ပွါးများအားထုတ်ရမည်။ ......ဤလင်းလွန်းပင် ရင်း၌ နေတော်မူသော ၇-ရက်ကို "ရာဇာယတန သတ္တာဟ"ခေါ်သည်။]

၈။ သတ္ထာဒေဝမနုဿာနံ၊ နတ်,လူတို့ကို ပရမတ္ထ တရားတို့ဖြင့် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား ပါတကား။......[ဆိတ်ကျောင်းညောင်ပင်ရင်းသို့ တဖန် ပြန်ကြွပြီး သီတင်းသုံးနေခိုက် သတ္တဝါတို့အား တရား မဟောအံ့ဟု အကြံတော်ဖြစ်သည်ကို "သဟံပတိ" ပြဟ္မာကြီးသိ၍လာပြီး တရားဟောရန် တောင်းပန်နေပုံ ကို အာရုံပြုပြီးမှ ဤဂုဏ်တော်ကို ပွါးများအားထုတ် ရမည်။]

၉။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူ၍ သူတပါးတို့ကိုလည်း သိစေတော်မူတတ်

သော မြတ်စွာဘုရားပါတကား။...... [မြတ်စွာဘုရား သည် ပဥ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားဟော တော်မူနေပုံကို အာရုံပြုပြီးမှ ဤဂုဏ်တော်ကို ပွါးများ အားထုတ်ရမည်။]

၁၀။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါး တရားရှိ တော်မူသော မြတ်စွာဘုရားပါတကား။......[တာဝတိံ သာနတ်ပြည်၌ နတ်ဗြဟ္မာတို့အား အဘိဓမ္မာ တရား ဟောကြားတော်မူပြီး၍ သီတင်းကျွတ်လပြည့်နေ့ မြင်း မိုရ်တောင်ထိပ် တာဝတိံသာ နတ်ပြည်မှ သင်္ကာသ နဂိုရ်ပြည်သို့ မြတ်စွာဘုရားကြွတော်မူရန် သိကြားမင်း ဖန်ဆင်းအပ်သော အလယ်က ပတ္တမြား စောင်းတန်း၊ လက်ျာဘက်က ရွှေစောင်းတန်း၊ လက်ဝဲဘက်က ငွေ စောင်းတန်း၊ ယင်း ၃စောင်းတန်းကြီး သုံးခု တို့တွင် ရွှေစောင်းတန်းမှ နတ်ချားကတူရိယာ နတ်စောင်းမျိုးစုံ တီးမှုတ်လျက်၊ ငွေစောင်းတန်းဖြင့် ဗြဟ္မာကြီးများက ထီးဖြူမိုးလျက် အလယ်ပတ္တမြားစောင်းတန်းမှ မြတ်စွာ ဘုရားရောင်ခြည်တော်ခြောက်သွယ်လွှတ်လျက် ဆင်း သက်လာပုံကို အာရုံပြုပြီးမှ ဤဂုဏ်တော်ကို ပွါးများ အားထုတ်ရမည်။]

**အမှာ။** ။[ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အမြဲတန်း အားထုတ် လိုသူများသည်၊ ဂုဏ်တော်ကိုးပါးကို စေ့အောင် အထပ်ထပ်ရွတ်ဘတ်ပြီး မိမိနှစ်သက်ရာ ဂုဏ်တော် တခုခုကိုအမြဲအားထုတ်ရမည်....ဝတ်မပျက်အဓိဋ္ဌာန် ထား၍ ပုတီးစိပ်လို သူများကား ဤဗုဒ္ဓါနုဿတိ

ဘာဝနာပွါးပုံ ဆယ်ခုတို့တွင် တခုကို ၁၀၀-စီရအောင် ပွါးများအားထုတ်လျှင် တနေ့ဂုဏ်တော် ၁၀၀၀-ပွါးများရာရောက်လိမ့်မည်။ သို့မဟုတ် ဂုဏ်တော်တခုကိုပင် ၁၀၀၀-ရအောင်ပွါးများ အားထုတ်လျှင်လည်းဖြစ်နိုင်၏။တနေ့ဂုဏ်တော် ၁၀၀၀ ရအောင် ပွါးများအားထုတ်အံ့ဟု အဓိဋ္ဌာန်ထား၍ အားထုတ်မှု အဓိဋ္ဌာန်ပါရမီ ဖြစ်မည်ဟေန်သာ။]

**အကျိုး။** ။မြတ်စွာဘုရား၏ဂုဏ်တော်တို့ကို အာရုံပြု၍ ပွါးများ အားထုတ်သော ပုဂ္ဂိုလ်သည် ဘုရား၌ရှိသော ကျိုးနွံခြင်း, သဒ္ဓါသတိပညာကြီးခြင်း, ဘေးကြီးဘေးငယ် အသွယ်သွယ်ကိုနှိပ်နင်းနိုင်ခြင်း,ကိုယ်၌ကျရောက်သော ဒုက္ခအမျိုးမျိုးကို သည်းခံ နိုင်ခြင်း, မြတ်စွာဘုရားနှင့်အတူ နေရသကဲ့သို့ ဖြစ်ခြင်း, စေတီအိမ်သည် ပူဇော်ခံထိုက်သကဲ့သို့ မိမိ၏ခန္ဓာအိမ်သည်လည်း ပူဇော်ခံထိုက်ခြင်း, မြတ်စွာဘုရားကို မြင်နေရသကဲ့သို့ဖြစ်ရကား-မကောင်းမှုပြုရမှာ ရှက်ကြောက်ခြင်း, မဂ်ဖိုလ် မရသော်လည်း ကောင်းရာသုဂတိသို့ လားရခြင်းစသော များစွာသောအကျိုးထူး တရားများကို ရနိုင်၏။..... ထိုမှတပါး အားထုတ်ပါများက ရာဂ, ဒေါသ, မောဟတို့ ထိုးကျင့် ထကြွသော စိတ်မျိုး မဖြစ်တော့သဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကိုသာ အာရုံပြုပါများ၍သမထလမ်းကြောင်းဖြောင့်တန်းသော စိတ်ရှိ၍ ဂုဏ်တော်တို့ကို အဖန်ဖန် ကြံစည်သုံးသင်နေသော ယောဂီ ပုဂ္ဂိုလ်အား ဘုရားဂုဏ်တော်တို့၌ ညွတ်သော ဝိတက်, ဝိစာရဂုဏ်တော်တို့ကို နှစ်သက်

ခြင်းပီတိတရား ၃ -ပါး ဖြစ်ပေါ်လာလိမ့်မည်၊ နှစ်သက်ခြင်း ပီတိဖြစ်ပေါ် လာပြီးသည်ရှိသော်-၎င်း ပီတိကို အရင်းခံထား၍ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်းဖြစ်ပေါ်လာလိမ့်မည်၊ ၎င်း ကိုယ်စိတ် နှစ်ပါး ငြိမ်းအေးခြင်း ဖြစ်ပေါ်လာသောကြောင့် ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'စသော ကိလေသာတို့ ငြိမ်သက် သွားလိမ့်မည်။ ကိလေသာ ငြိမ်သက်သူအား ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း သုခတရား ဖြစ်ပေါ်လာလိမ့်မည်။ ၎င်းသုခတရား ဖြစ်ပေါ်လာသူအား ဘုရားဂုဏ်တော် တို့ကို အာရုံပြုသော စိတ်၏ ရှေးကထက်မြဲမြန် တည်ကြည်ခြင်း 'သမာဓိ' တရားဖြစ်ပေါ်လာလိမ့်မည်။ ဤဆိုအပ်ပြီးသောဝိတက်, ဝိစာရ, ပီတိ, သုခ, သမာဓိ တရား ၅-ပါး မိမိသန္တာန်၌ ဖြစ်ပေါ်လာခြင်းကိုပင် ဥပစာရ ဈာန်ရပြီဟု ဆိုရ၏။ ဘုရားဂုဏ်တော်၌ ဥပစာရ ဈာန်ရသည် အထိ အားထုတ်ရမည်။ ဘုရားဂုဏ်တော်တို့ကား ပညတ်မဟုတ်၊ ပရမတ် ဖြစ်ခြင်းကြောင့်တကြောင်း, ဂုဏ်တော်သည် တပါးမက များပြားလှသောကြောင့် တကြောင်း, ဂုဏ်တော် တခုတည်းပင် ဖြစ်သော်လည်း နက်နဲသော ကြောင့် တကြောင်း, ဤအကြောင်း များကြောင့် အပ္ပနာဈာန်ကိုကား မရနိုင်ဟုမှတ်။ [ဈာန်အစစ်၏ အနီး အနားရောက်နေသော ကာမာဝစရဈာန်မျိုးကို ဥပစာရဈာန်ခေါ်သည်။ မဟဂ္ဂုတ် ဖြစ်သော ဈာန်အစစ်ကို အပ္ပနာဈာန်ခေါ်သည်ဟု အထူးသိလေ။]

## ၅။ လက္ခဏာရေးတင်ရန်အခြေခံအချက်း

**အားထုတ်ပုံ။** ။ဤကိုယ်သည်-ငါမဟုတ်၊နာမ်နှင့်ရုပ်သာဟုတ်၏။(ဤအတိုင်းအဖန်ဖန်အားထုတ်ရမည်။)

**နာမ်နှင့်ရုပ်သာဟုတ်ပုံ။** ။ဤဗုဒ္ဓအာရုံကို အာရုံပြု၍ဖြစ်သော ဝိတက်,ဝိစာရ,ပီတိ,သုခ သမာဓိ တရားငါးပါးသည်ရင်း,ထိုငါးပါးနှင့်ယှဉ်သော စိတ်,ဝေဒနာ,သညာ, စေတနာ,ဖဿ စသော တရားအပေါင်းသည်ရင်း, ဗုဒ္ဓအာရုံကို ညွတ်တတ်သောကြောင့် နာမ်မည်၏။ ထို့နောင် အိမ်ထဲသို့ ဝင်လာသော မြွေကိုတွေ့လိုက်သော ယောကျ်ားသည် ထိုမြွေကို လိုက်ရှာလေသော် ခွေနေသောမြွေကို မြင်ရဘိသကဲ့သို့။ ထို့နည်းတူစွာ ဤဝိတက်စသောနာမ်တရားများသည် အဘယ်ကိုမှီ၍နေကြသနည်းဟု ဝိတက်စသောမြွေနှင့်တူသောနာမ်တရားတို့၏ မှီရာဌာနကိုပူးစမ်း ရှာဖွေလတ်သော်ဟဒယဝတ္ထုကို မြင်ရပေလိမ့်မည်။ ထို့နောင် ဟဒယဝတ္ထုရုပ်၏ မှီရာကိုရှာပြန်သော်- ပထဝီ, အာပေါ,တေဇော,ဝါယော ဟူသော မဟာဘုတ်ဓာတ်လေးပါးကို မြင်ရပေလိမ့်မည်။ ထို့နောင် ရှာဖွေပြန်သော်အဆင်းရုပ်,အသံရုပ်,အနံ့ရုပ်,အရသာရုပ်,ဩဇာရုပ်,စက္ခုပသာဒရုပ်,သောတပသာဒရုပ်, ဃာနပသာဒရုပ်,ဇိဝှါပသာဒရုပ်, ကာယပသာဒရုပ်, မိန်းမဖြစ်ကြောင်းဣတ္ထိဘာဝရုပ်, ယောကျ်ားဖြစ်ကြောင်း ပုမ္ဘာဝရုပ်,အသက်ဇီဝိတရုပ်တို့ကိုမြင်ရပေလိမ့်မည်။ဤ(၁၈)ပါး

သောတရေးအစုသည် ဖြေင်း, ပူခြင်းစသည်တို့ကြောင့် အသွင်မတူအောင် ပြောင်းလဲဖေါက်လွဲဖေါက်ပြန် ဖြစ်တတ်ရကား–ရုပ်မည်၏။ ဤကိုယ်ကို ပရမတ္ထအားဖြင့် ရှာဖွေသော် နာမ်ရုပ် ၂-ပါးမှ တပါး ငါ- သူတပါး, ယောက်ျား-မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ, အတ္တ,ဇီဝ မတွေ့ရ၊ နာမ်နှင့်ရုပ်သာ တွေ့ရပေလိမ့်မည်။……ထို့ကြောင့်- ဤကိုယ်သည် ငါမဟုတ်၊ နာမ်နှင့် ရုပ်သာ ဟုတ်၏။ [နာမ်နှင့်ရုပ်သာ ဟုတ်ကြောင်း မြင်အောင်အထပ်ထပ် ကြည့်။]

ကြည့်ပုံတနည်း။ ။ဤကိုယ်ကောင်၌ ကြမ်းတမ်း ခက်မာသောသဘောစုသည်ပထဝီ-မြေဓာတ်၊ ဖွဲ့စည်း ပျောင်းအိသော သဘောစုသည် အာပေါ-ရေဓာတ်၊ ရင့် ကျက်ပူလောင်သော သဘောစုသည် တေဇော–မီး ဓာတ်၊ ထောက်ကန်လှုပ်ရှားသော သဘောစုသည် ဝါ ယော-လေဓာတ်၊ ဤမဟာဘုတ် လေးပါးကို မှီ၍ဖြစ် သော အဆင်း,အနံ့,အရသာ,ဩဇာ,စက္ခု,သောတ, ဃာန,ဇိဝှါ, ကာယ,ဣတ္ထိဘာဝ,ပုမ္ဘာဝ, ဟဒယ,ဇီဝိ တ,သဒ္ဒ ဟူသော ဥပါဒါရုပ်-၁၄-ပါး၊ ဤဓာတ်ကြီး- ၄–ပါးနှင့် ဥပါဒါရုပ်- ၁၄-ပါးသည် ဖြေင်း, ပူခြင်း စသည် တို့ကြောင့် သွင်မတူ ပြောင်းလဲ ဖေါက်လွဲ ဖေါက်ပြန် ဖြစ်တတ်ရကား-ရုပ်မည်၏။

ကြည့်နည်းတမျိုး။ ။သဲ,ထုံး,ကော်ရည်သုံးပါး ရောစပ်၍ပြုလုပ်အပ်သော အင်္ဂတေရုပ်တို့သည် အရေ အတွက်ပုံဟန်သဏ္ဌာန် အထူးထူး အထွေထွေ ပေါ

များနေသော်လည်း အဟုတ်ရှိ, တကယ်ရှိ အရှိကြီးရှိသည်ကို ရှာဖွေသော် သဲ, ထုံး, ကော်ရည်သုံးမျိုးသာ တွေ့ရသကဲ့သို့၊ သစ်စေးနှင့် သားရိုးနှစ်ပါး ရောစပ်၍ပြုလုပ်အပ်သော သားရိုးရုပ်တို့သည် အရေအတွက်ပုံဟန်သဏ္ဍာန် အထူးထူး အပြားပြား များပြားနေသော်လည်း အဟုတ်အမှန်အရှိကို ကြည့်ရှုလတ်သော် သစ်စေးနှင့် သားရိုးနှစ်ပါးသာ ရှိသလို လူ, နွား, မြင်း, ဆင်, အထီး,အမစသော သတ္တဝါတွေ အထူးထူးအထွေထွေများပြား နေသော်လည်း ငါ-သူတပါး,ထီး-မစသော ပညတ်တရားတို့ကိုခွါ၍ ပရမတ် မျက်စိဖြင့် ကြည့်ရှုသော် နာမ်နှင့်ရုပ်နှစ်ခုသာ ရှိသည်ကို တွေ့ရပေလိမ့်မည်။……ထို့ကြောင့်-ဤကိုယ်သည်ငါမဟုတ်၊နာမ်နှင့်ရုပ်သာဟုတ်၏။……[နာမ်နှင့်ရုပ်သာဟုတ်ကြောင်း မြင်အောင် ဤနည်းဖြင့်လည်း အထပ်ထပ်ကြည့်။]

**ကြည့်နည်းတမျိုး။** ။ကြိုးတပ်ထားသောသစ်သားရုပ်များ လှုပ်ရှားသွားလာနေသည်ကို ကလေးသူငယ်တို့မြင်ကြသောအခါ အဟုတ်လူကောင်ဟု ထင်သော်လည်းလူကြီးများစိတ်၌ကား အဟုတ်လူကောင်မထင်၊ သစ်သားရုပ်နှင့်ကြိုး ဤနှစ်ခု ပေါင်းမိခြင်းကြောင့်သာ လှုပ်ရှားသွားလာ သကဲ့သို့ဖြစ်သည်၊ စင်စစ်မှာမူကား သစ်သားရုပ်နှင့် ကြိုးတို့သာဖြစ်ကြောင်း ဆုံးဖြတ်ချက်ချနိုင်သလို,လှုပ်ရှားသွားလာနေသော ဤကိုယ်ကောင်ကိုလည်း နာမ်ရုပ်နှစ်ပါးသာ ဖြစ်ကြောင်း မြင်အောင်ကြည့်က နာမ်ရုပ်-၂-ပါးသာဟု ဆုံးဖြတ်ချက် ချနိုင်

လိမ့်မည်။…… ထို့ကြောင့်—ဤကိုယ်သည် ငါမဟုတ် နာမ်နှင့်ရုပ်သာ ဟုတ်၏။……[ငါမဟုတ်ကြောင်း ထင်ရှားလာအောင် ဤနည်းဖြင့်လည်းကြည့်။]

ကြည့်နည်းတမျိုး။ ။ကျူစည်းနှစ်ခုထိပ်ခြင်းထိ၍ ထောင်ထားသဖြင့် အချင်းချင်း အမှီရ၍ မလဲမပြိုသကဲ့သို့ နာမ်,ရုပ် ၂-ပါးလည်း အချင်းချင်းအမှီရ၍ လှုပ်ရှားသွားလာနိုင်သည်၊မလဲမပြို ထိုကဲ့သို့ လှုပ်ရှားသွားလာနေသော ဤကိုယ်ကို ပရမတ်မျက်မှန်တပ်၍ ကြည့်လတ်သော် ငါ-သူတပါး, ယောကျ်ား, မိန်းမ မဟုတ်၊နာမ်နှင့် ရုပ်သာဟုတ်ကြောင်း ထင်ရှားလာလိမ့်မည်။…… ထို့ကြောင့်—ဤကိုယ်သည် ငါမဟုတ်၊ နာမ်နှင့်ရုပ်သာ ဟုတ်၏။…… [နာမ်နှင့်ရုပ်သာ ဟုတ်ကြောင်း ထင်ရှားလာအောင် ဤနည်းဖြင့်လည်း အထပ်ထပ်ကြည့်။]

ကြည့်နည်းတမျိုး။ ။စည်ကို လက်ခတ်ဖြင့်တီးသောအခါ စည်ကိုမှီ၍ အသံဖြစ်ပေါ်လာရာ၊ အသံတခြား, စည်တခြား တခြားစီ ဖြစ်သကဲ့သို့၊ ရူပါရုံစသည်တို့က စက္ခုပသာဒစသော ဝတ္ထုရုပ်တို့ကို ထိခိုက်မိသောအခါ စိတ်, စေတသိက်ဟူသော နာမ်တရားများ ဖြစ်ပေါ်လာ၏။ထိုဖြစ်ပေါ်လာရာ၌ ပရမတ်မျက်စိဖြင့်ကြည့်သော်၊ငါ-သူတပါး ယောကျ်ား,မိန်းမမမြင်၊နာမ်ရုပ် ၂—ပါး တခြားစီဖြစ်ပုံသာ မြင်လာလိမ့်မည်။……ထို့ကြောင့်—ဤကိုယ်သည် ငါမဟုတ်၊ နာမ်

နှင့် ရုပ်သာဟုတ်၏။……[နာမ်နှင့်ရုပ်သာ ဟုတ်ကြောင်း ထင်ရှားအောင် ဤနည်းဖြင့်လည်း အထပ်ထပ်ကြည့်။]

**ကြည့်နည်းတမျိုး။** ။လှေပေါ်မှာ လူတက်စီးပြီး လှော်ခပ်သည်ရှိသော်၊ သွားလာခြင်း ဖြစ်နိုင်သည်၊ လှေချည်းသက်သက် မသွားလာတတ်၊လူချည်းသက် သက်လည်း သွားလာလို့မဖြစ်နိုင်၊ သွားခြင်း,လာခြင်း ဖြစ်သည်ကား-လှေနှင့်လူနှစ်မျိုးပေါင်းစပ်မိမှ ဖြစ်နိုင်သ လို နာမ်ချည်း သက်သက် သွားလာ စားသောက်ခြင်း ဗျာပါရ မဖြစ်နိုင်၊ရုပ်ချည်းသက်သက်လည်း သွားလာ စားသောက်ခြင်းစသော ဗျာပါရမဖြစ်နိုင်၊ နာမ်နှင့်ရုပ် ၂—ခု ပေါင်းစုမိမှ သွားလာ စားသောက်ခြင်းစသော ဗျာပါရဖြစ်နိုင်သည်၊ ထိုသွားလာ စားသောက်ခြင်း စသည်ကိုပြုရာ၌ ငါ—သူတပါး, ယောကျ်ား—မိန်းမ, သွားလာ စားသောက်သည်မဟုတ်၊ နာမ်နှင့်ရုပ်သာ သွားလာ စားသောက်ခြင်းဖြစ်သည်။…… ထို့ကြောင့် ဤကိုယ်သည် ငါမဟုတ်၊ နာမ်နှင့်ရုပ်သာဟုတ်၏။…… [ဤသို့သွားလာစားသောက်ခြင်းနှင့်စပ်လျဉ်း၍ နာမ်နှင့် ရုပ်သာ ဟုတ်ကြောင်း ထင်ရှားလာအောင်ကြည့်။]

**တနည်း။** ။ဤဗုဒ္ဓအာရုံကို အာရုံပြု၍သိသည်ကား- စိတ်၊ခံစားသည်ကား- ဝေဒနာ၊ အမှတ်ပြု၍သိသည် ကား—သညာ၊ ယှဉ်ဖက် ဖြစ်ပေါ်, ဖြစ်ဖက် တရားတို့ ကို သိမ့်, ခံစားမှုစသည်ဖြစ်အောင် စေ့ဆော်တိုက် တွန်းပေးသည်ကား— စေတနာ၊ ခံစားမှုစသည်ဖြစ်

အောင် ထိထိမိမိဖြစ်သကဲ့သို့ ကျေးဇူး ပြုပေးသည်ကား-ဖဿ၊ ဤစိတ်,ဝေဒနာ,သညာ, စေတနာ, ဖဿ ဟူသော တရား ၅-ပါးအပေါင်းသည် အာရုံသို့ညွတ်တတ်,ကိုင်းတတ်, ရှိုင်းတတ်သော သဘောရှိမှုကြောင့် နာမ်မည်၏၊ထိုနာမ်သည် ဟဒယဝတ္ထုကိုမှီ၍ ဖြစ်၏၊ ယင်းဟဒယဝတ္ထုကား-ရုပ်၊ ဤဟဒယဝတ္ထုရုပ်သည် မဟာဘုတ်ဓာတ်ကြီး ၄-ပါးကိုမှီ၏၊ ယင်းမဟာဘုတ်ဓာတ် ၄-ပါးလည်း-ရုပ်၊ ယင်းမဟာဘုတ်ကို မှီသော ဟဒယဝတ္ထုရုပ်မှတပါး အဆင်း,အနံ့,အရသာ,ဩဇာ, စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဇီဝိတိန္ဒြေ, ပုရိသဘာဝ,ဇီဝိတ,သဒ္ဒ ဟူသော တရားစုများလည်း ရှိကြသေး၏၊ယင်းတရားစုလည်း အချမ်းအပူစသည်ကြောင့် သွင်မတူ ပြောင်းလဲ ဖေါက်လွဲ ဖေါက်ပြန် ဖြစ်တတ်ရကား ရုပ်မည်ကုန်၏၊ထိုရုပ်သည် မဟာဘုတ်,ဥပါဒါရုပ်ဟု ၂-မျိုးပြား၏၊ ပထဝီ, အာပေါ, တေဇော, ဝါယော,ဓာတ်ကြီး လေးပါးကား မဟာဘုတ်၊ဟဒယဝတ္ထု, အဆင်း အနံ့စသည် ၁၄-ပါးကား ဥပါဒါရုပ်မည်၏။...... ဤကိုယ်၌ နာမ်နှင့် ရုပ်မှတပါး-ငါ-သူတပါး,ယောကျ်ား-မိန်းမ, မရှိ၊ ပုဂ္ဂိုလ်, သတ္တဝါမရှိ၊ အတ္တ, ဇီဝမရှိ၊ သိသူ ခံစားသူလည်း မရှိ၊ နာမ်နှင့် ရုပ်သာရှိ၏။... ထို့ကြောင့်- ဤကိုယ်သည် ငါမဟုတ်၊ နာမ်နှင့်ရုပ်သာ ဟုတ်၏။

**ကြည့်နည်း**။ ။ဤနာမ်ရုပ် ၂-ပါးကို ခန္ဓာ အားဖြင့် ခွဲကြည့်သည်ရှိသော် မဟာဘုတ် လေးပါးနှင့် ဥပါဒါ

ချုပ် ၁၄–ပါး တရားအစုသည် ရူပက္ခန္ဓာ မည်၏ ဝေဒနာ တရားအစုသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာ တရားအစုသည် သညာက္ခန္ဓာ မည်၏၊ စေတနာနှင့် ဖဿတရားအစုသည် သင်္ခါရက္ခန္ဓာမည်၏၊ စိတ် အစုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့ခန္ဓာအားဖြင့် ၅-ပါး ဖြစ်၏၊ ဤခန္ဓာ ၅-ပါးသည်– ငါမဟုတ်, သူမဟုတ်, ယောက်ျားမဟုတ်, မိန်းမ မဟုတ်, ပုဂ္ဂိုလ်မဟုတ်, သတ္တဝါမဟုတ်, အတ္တမဟုတ်, ဇီဝမဟုတ်၊ ခန္ဓာ-၅ ပါး ရုပ်နာမ်-၂–ပါးသာ ဟုတ်၏။ ....ထို့ကြောင့် ဤ ကိုယ်သည် ငါမဟုတ်၊ နာမ်နှင့်ရုပ်သာဟုတ်၏။

**ဥပမာအားဖြင့်ကြည့်နည်း။** ။လှည်းဘီး-လှည်းအိမ်- လှည်းတန်-ဝင်ရိုး-ထမ်းပိုး ငါးပါး အပေါင်းကို စွဲ၍ လှည်းဟုခေါ်ရာ၌ လှည်းတွေ့အောင် တခုစီခွဲရှာသော် လှည်းမတွေ့ဘဲ လှည်းဟု အခေါ်မျှသာ ဖြစ်ဘိသကဲ့သို့၊ ခန္ဓာငါးပါးကို ပရမတ်ဉာဏ် မျက်မှန်တပ်၍ ငါတွေ့အောင်တခုစီခွဲရှာသော်ငါ-သူတပါး, ယောက်ျား-မိန်းမ, မတွေ့ဘဲ၊ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားမျှသာ တွေ့ရပေလိမ့်မည်။ ...ထို့ကြောင့်-ဤကိုယ်သည် ငါမဟုတ်၊ နာမ်နှင့်ရုပ်သာ ဟုတ်၏။

**ကြည့်နည်းတမျိုး။** ။တိုင်, အခင်း, ထုတ်လျောက်, အကာ, အမိုး, ဤ ၅-မျိုး စုပေါင်း ထားသည်ကို အိမ်ဟု ခေါ်ရာ၌ အိမ်တွေ့အောင် တခုစီ ခွဲရှာသော် အိမ် မတွေ့ရဘဲ အခေါ်မျှသာ ဖြစ်သကဲ့သို့၊ ခန္ဓာငါးပါးကို

ပရမတ်ဉာဏ် မျက်မှန်တပ်၍ ငါတွေ့အောင် တခုစီခွဲရှာသော်-ငါ-သူတပါး,ယောကျ်ား-မိန်းမ မတွေ့ရဘဲ၊ အခေါ်မျှသာဖြစ်၍ ခန္ဓာ ၅-ပါး ရုပ်, နာမ်, ၂-ပါးတရားများသာ တွေ့ရပေလိမ့်မည်။……ထို့ကြောင့်-ဤကိုယ်သည် ငါမဟုတ်၊ နာမ်နှင့်ရုပ်သာ ဟုတ်၏။

**ကြည့်နည်းတမျိုး။** ။အမြစ်, ပင်စည်, အကိုင်း, အခက်,အရွက်-၅မျိုး ပေါင်းစုနေသည်ကို သစ်ပင်ဟုခေါ်ရာ၌ သစ်ပင်တွေ့အောင် တခုစီ ခွဲရှာသော် သစ်ပင် မတွေ့ရဘဲ အခေါ်မျှသာ တွေ့ရှိရသကဲ့သို့၊ ခန္ဓာ ၅-ပါးကို ပရမတ်ဉာဏ် မျက်မှန်တပ်၍ ငါတွေ့အောင် တခုစီခွဲရှာသော်- ငါမတွေ့ရဘဲ၊ ခန္ဓာ ၅-ပါး ရုပ်နာမ် ၂-ပါး တရားများသာ တွေ့ရပေလိမ့်မည်။ ……ထို့ကြောင့်- ဤကိုယ်သည် ငါမဟုတ်၊ နာမ်နှင့်ရုပ်သာ ဟုတ်၏။

**ကြည့်နည်းတမျိုး။** ။လက်ငါးချောင်းဆုပ်ထားသည်ကို လက်ဆုပ်ဟုခေါ်ရာ၌ လက်ဆုပ်တွေ့အောင် လက်တချောင်းစီ ခွဲရှာသော်- လက်ဆုပ် မတွေ့ရဘဲ လက်ဆုပ်ဟု အခေါ်မျှသာရှိသကဲ့သို့၊ ခန္ဓာငါးပါးကို ပရမတ် ဉာဏ်မျက်စိဖြင့် ငါတွေ့အောင် တခုစီခွဲရှာသော်- ငါမတွေ့ရဘဲ၊ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားများသာ တွေ့ရပေလိမ့်မည်။……ထို့ကြောင့်-ဤကိုယ်သည်ငါမဟုတ်၊နာမ်နှင့်ရုပ်သာဟုတ်၏။ [နာမ်ရုပ်တရား ၂-ပါးမျှသာမြင်အောင် ဥပမာအမျိုးမျိုးဖြင့်ကြည့်။]

**မှတ်ချက်။** ။ဤသို့ဥပမာအမျိုးမျိုးဖြင့်- နာမ်, ရုပ် ၂-ပါးသာတည်းဟု မြင်အောင်အထပ်ထပ်ကြည့်သတ်သော်— ငါ- သူတပါး, ယောကျ်ား- မိန်းမ, ပုဂ္ဂိုလ်- သတ္တဝါမထင်၊နာမ်,ရုပ် ၂-ပါးမျှသာမြင်လျှင် ဟုတ်မှန်တိုင်း သိမြင်သောသူဖြစ်ပြီ၊ သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ ကွာပြီ၊ ပုထုဇဉ်ရိုက်ဘဝမှ လွတ်မြောက်၍ ပုထုဇဉ်ကောင်း, ပုထုဇဉ်အထက်တန်းစားအဖြစ်သို့ရောက်ပြီ၊ အယူမှန်ရ၍ အယူဖြောင့်မှတ် စင်ကြယ်ပြီ၊ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပြီဟုမှတ်။

[ဤဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ဆိုက်ရောက်သူကား တသံသရာလုံးက အမှားကြီးမှားခဲ့သည်မှာ ဘုရားသာသနာတော်ကြီးကို အမှီရ၍ ယခုမှပင်အယူမှားပျောက်ပြီး အယူမှန်သို့ရောက်ပေပြီတကားဟု-ဝမ်းအသာကြီး သာဘွယ်ကောင်းလှ၏။]

---

## ၆။ နာမ်ရုပ်အကြောင်းသိမ်းဆည်းခဏ်း သိမ်းဆည်းပုံ

၁။ ဤကိုယ်သည် ငါမဟုတ်၊ အဝိဇ္ဇာ စသော အကြောင်းတရား များကြောင့် ဖြစ်ပေါ်လာသော နာမ်နှင့်ရုပ်သာဟုတ်၏။

၂။ ဤကိုယ်သည် ငါမဟုတ်၊ ဒွါရအာရုံပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော နာမ်တရားသာ ဖြစ်၏။

၃။ ဤကိုယ်သည် ငါမဟုတ်၊ ကံ, စိ, ဥ, ဟာ၊ ကြောင်းလေးဖြာ တို့ကြောင့် ဖြစ်ပေါ်လာ သော ရုပ်သာဟုတ်၏။

**ဥပမာ။** ။လိမ္မာသော ဆေးဆရာသည် လူမမာ၌ ရောဂါရှာ၍ ရောဂါတွေ့သော အခါ၊ ထိုရောဂါ၏ ဖြစ်ပေါ်လာကြောင်း သမုဋ္ဌာန်ကိုရှာကြံသကဲ့သို့၊ရောဂါ အလား ခန္ဓာငါးပါး– ရုပ်နာမ်တရားများကို တွေ့မြင် သောအခါ၊ထိုရုပ်နာမ် ၂–ပါး၏ ဖြစ်ပေါ်လာကြောင်း သမုဋ္ဌာန်ကိုရှာရသည်။... တနည်း-သနားခြင်းကရုဏာ အားကြီးသော သူတယောက်သည် လမ်းမ၌ ပက်လက် အိပ် သူငယ်ကလေးကို တွေ့မြင်သောအခါ အဘယ်သူ၏ ကလေးဖြစ်လေသနည်းဟု–ထိုသူငယ်ကလေး၏ မိခင် ဘခင်များကိုရှာကြံတွေးတောသကဲ့သို့၊ ပက်လက်အိပ် သူငယ်ကလေးအလား နာမ်ရုပ် ၂-ပါးကိုတွေ့မြင်သော အခါ၊ ထိုနာမ်ရုပ် ၂-ပါး၏အကြောင်းကား- အဘယ် ပါနည်းဟု-နာမ်ရုပ် ၂–ပါး၏အကြောင်းများကို ရှာကြံ ရသည်။

**အကြောင်းရှာပုံ။** ။နာမ်ရုပ် ၂–ပါးသည် အ ကြောင်းမရှိဘဲ မိမိအလိုအလျောက် ဖြစ်ပေါ်လာသည် ဟုဆိုငြားအံ့၊ အကြောင်း မရှိခြင်း တူသောကြောင့် သုံးဆဲ့တဘုံရှိ သတ္တဝါတိုင်း မျက်စိရှိခြင်း, နားရှိခြင်း စသည်အတူတူသာ ဖြစ်ဘို့ရာရှိသည်၊ သတ္တဝါတိုင်း

အတူတူဖြစ်ခြင်းမရှိသည်ကိုထောက်၍ မိမိအကြောင်း အားလျော်စွာ နာမ်ရုပ်တရားများ ဖြစ်ခြင်းကားထင်ရှား၏။...... အချို့ကား ဗြာဟ္မဏနိမ္မာနခေါ်သော ထာဝရဘုရားစသည် ဖန်ဆင်းခြင်းကြောင့် သတ္တဝါတို့ ဖြစ်ပေါ်လာကြသည်ဟုဆို၏၊ ထိုအဆိုအတိုင်း နာမ်ရုပ်မှတပါး ထာဝရဘုရား သီးခြား ရှိလေသလောဟု မေးရာ၏၊ ထာဝရဘုရားသည်နာမ်ရုပ်အစုပင်ဟုဖြေအံ့၊ ထိုထာဝရဘုရားဟူသော နာမ်ရုပ်ကို အဘယ်သူဖန်ဆင်းသနည်းဟုမေးက-ထာဝရဘုရားဟူသော နာမ်ရုပ်ကိုဖန်ဆင်းသူမတွေ့ဘဲရှိလိမ့်မည်။ [အကယ်၍တွေ့ရှိက- ဆက်မေး။ ထိုအခါ နာမ်ရုပ်မှန်က အကြောင်းမကင်းဘဲ ဖြစ်သည်ကား ထင်ရှားလာလိမ့်မည်။]...... အကယ်၍ ထာဝရဘုရားသည် နာမ်ရုပ်မဟုတ်ဟုဆိုအံ့၊ နာမ်ရုပ်မဟုတ်လျှင်ကောင်းကင်ကဲ့သို့ ဘာမျှမရှိလေသလောဟု ထပ်မေး၊ဘာမျှမရှိ ကောင်းကင်ကဲ့သို့ဖြစ်သည်ဟုဖြေလျှင်-ဘာမျှမရှိက သတ္တဝါတယောက် ဖြစ်ပေါ်လာအောင် ဘယ်လိုနည်းဖြင့် ဖန်ဆင်းနိုင်မည်နည်း၊ ဘာမျှမရှိတာက သတ္တဝါတယောက် ဖြစ်ပေါ်လာအောင် ဖန်ဆင်းသည်ဆိုသော စကားယုတ္တိမရှိကြောင်း၊အလိုလို ထင်ရှားလာလိမ့်မည်၊ ထို့ကြောင့် နာမ်ရုပ်တရားများကား မိမိအကြောင်း အားလျော်စွာ မိမိတို့ ဖြစ်ပေါ်လာကြသည်ဟု သိထိုက်လှ၏။......ထို့ကြောင့် ဤကိုယ်သည် ငါမဟုတ်၊ အကြောင်းအားလျော်စွာဖြစ်ပေါ်လာသော နာမ်ရုပ်သာဟုတ်၏။

**နာမ်ရုပ်၏အကြောင်း။** ။အဝိဇ္ဇာရှိခြင်းကြောင့် နာမ်ရုပ် ဖြစ်သည်၊ တဏှာရှိခြင်းကြောင့် နာမ်ရုပ်ဖြစ်သည်၊ ဥပါဒါန်ရှိခြင်းကြောင့်နာမ်ရုပ်ဖြစ်သည်၊ ကံရှိခြင်းကြောင့် နာမ်ရုပ်ဖြစ်သည်၊ အာဟာရကြောင့် နာမ်ရုပ်အရှည်တည်သည်ဖြစ်သည်၊ ထိုအဝိဇ္ဇာ, တဏှာ, ဥပါဒါန်,ကံ,အာဟာရအကြောင်း ၅–ပါးကြောင့် နာမ်ရုပ်တရားများဖြစ်ကြသည်။……ထို့ကြောင့် ဤကိုယ်သည် ငါမဟုတ်၊ အဝိဇ္ဇာ စသော အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာသော နာမ်နှင့်ရုပ်သာဟုတ်၏။ ။ ဤနည်းဖြင့် ယုံမှားခြင်း ဝိစိကိစ္ဆာအားလုံးကို ပယ်နိုင်သည်မှတ်။

အမှာ။ ။[ဝိသုဒ္ဓိမဂ်၌အဝိဇ္ဇာစသော အကြောင်းတရား ၅–ပါးကို ရုပ်၏အကြောင်းဟုသီးခြားခွဲဆို၏။ ထိုအဆိုကား– နာမ်၏ထင်ရှားသော အကြောင်းများကို သီးခြားခွဲပြလို၍ ဆိုခြင်း မျှဖြစ်သည်။ ဤ၌ နာမ်၏ အကြောင်းကိုသီးခြားမခွဲဘဲပေါင်းဆိုလိုက်သည်ဟုယူ။]

**စဉ်းစားရန်။** ။အဝိဇ္ဇာ,တဏှာ,ဥပါဒါန် ကင်းပြီးဖြစ်သော ကုသိုလ်အကုသိုလ်ကံကို ပယ်စွန့်ပြီးဖြစ်သော ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ နောက်ဘဝ၌ နာမ်ခန္ဓာ, ရုပ်ခန္ဓာတို့ဖြစ်ပြီး ကျင်လည်ရသေးသလော၊အဝိဇ္ဇာ,တဏှာ,ဥပါဒါန်ကံများကင်းပြီး ပယ်ပြီးဖြစ်သောကြောင့် နောက်ဘဝ၌ နာမ်သစ်, ရုပ်သစ် မဖြစ်ကြတော့ပြီ၊ထို့ကြောင့် အဝိဇ္ဇာစသောအကြောင်းကြောင့် နာမ်ရုပ်များ ဖြစ်ကြောင်းထင်ရှား၏။

**တနည်းနာမ်ရုပ်၏အကြောင်း။** ။အိုခြင်း ဇရာ၊ သေခြင်း မရဏကို မြင်သော်–ဤဇရာ မရဏသည် ပဋိသန္ဓေနေရခြင်း ဟူသော ဇာတိရှိ၍သာ ဖြစ်သည်၊ ဇာတိသည် ကမ္မဘဝရှိ၍သာ ဖြစ်သည်၊ ကမ္မဘဝသည် ဥပါဒါန်ရှိ၍သာ ဖြစ်သည်၊ ဥပါဒါန်သည် တဏှာရှိ၍ သာဖြစ်သည်၊ တဏှာသည် ဝေဒနာရှိ၍သာဖြစ်သည်၊ ဝေဒနာသည် ဖဿရှိ၍သာ ဖြစ်သည်၊ ဖဿသည် သဠာယတန ရှိ၍သာဖြစ်သည်၊ သဠာယတန သည် နာမ်ရုပ် ရှိ၍သာ ဖြစ်သည်၊ နာမ်ရုပ်သည် ဝိညာဏ် ရှိ၍သာဖြစ်သည်၊ ဝိညာဏ်သည် သင်္ခါရရှိ၍သာ ဖြစ် သည်၊ သင်္ခါရသည် အဝိဇ္ဇာရှိ၍သာ ဖြစ်သည်။ ဤပဋိစ္စ သမုပ္ပါဒ် ပဋိလောမနည်းအရ အကျိုးတရား အားလုံးကို အကျဉ်းချုံး၍ကြည့်သော် နာမ်ရုပ်တရား ၂-ပါးသာ ဖြစ်သည်ကို တွေ့မြင်ရပေလိမ့်မည်၊ ၎င်းနာမ်ရုပ် ၂-ပါး သည် အဝိဇ္ဇာစသော အကြောင်းကြောင့် ဖြစ်ခြင်း ကား ထင်ရှား၏။······ ထို့ကြောင့် ဤကိုယ်သည် ငါမ ဟုတ်၊ အဝိဇ္ဇာစသော အကြောင်းများကြောင့် ဖြစ်ပေါ် လာသော နာမ်နှင့်ရုပ်သာ ဟုတ်၏။ ။ဤနည်းဖြင့် လည်း ယုံမှားခြင်း ဝိစိကိစ္ဆာကို ပယ်နိုင်သည်။

**တနည်းနာမ်ရုပ်၏အကြောင်း။** ။အဝိဇ္ဇာဖြစ် ခြင်းကြောင့် သင်္ခါရဖြစ်သည်၊ သင်္ခါရ ဖြစ်ခြင်း ကြောင့် ဝိညာဏ်ဖြစ်သည်၊ ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ် ဖြစ်သည်၊ နာမ်ရုပ် ဖြစ်ခြင်းကြောင့် သဠာ

ယာတနဖြစ်သည်၊ သဠာယတန ဖြစ်ခြင်းကြောင့် ဖဿ ဖြစ်သည်၊ ဖဿဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်သည်၊ ဝေဒနာဖြစ်ခြင်းကြောင့် တဏှာဖြစ်သည်၊ တဏှာဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်သည်၊ ဥပါဒါန် ဖြစ်ခြင်းကြောင့် ဘဝဖြစ်သည်၊ ဘဝဖြစ်ခြင်းကြောင့် ဇာတိ ဖြစ်သည်၊ ဇာတိဖြစ်ခြင်းကြောင့် ဇရာမရဏဖြစ်သည် ဤပဋိစ္စ သမုပ္ပါဒ်အနုလောမ နည်းအရ အကျိုးတရား အားလုံးကို အကျဉ်းချုံး၍ကြည့်သော် နာမ်ရုပ် ၂-ပါး သာဖြစ်သည်ကို တွေ့မြင်ရပေလိမ့်မည်၊ ၎င်းနာမ်ရုပ် ၂-ပါးသည် အဝိဇ္ဇာစသော အကြောင်းတရား များကြောင့် ဖြစ်ခြင်းကား ထင်ရှား၏။...... ထို့ကြောင့် ဤကိုယ်သည် ငါမဟုတ်၊ အဝိဇ္ဇာစသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော နာမ်နှင့်ရုပ်သာဟုတ်၏။ ။ ဤနည်းဖြင့်လည်း ယုံမှားခြင်း ဝိစိကိစ္ဆာကို ပယ်နိုင်သည်။

**တနည်းနာမ်အကြောင်း။** ။စက္ခုဒွါရနှင့်ရူပါရုံ ပေါင်းဆုံမိသော် စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်၊ သောတဒွါရနှင့် သဒ္ဒါရုံ ပေါင်းဆုံမိသော် သောတဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်၊ ဃာနဒွါရနှင့် ဂန္ဓာရုံ ပေါင်းဆုံမိသော် ဃာနဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်၊ ဇိဝှါဒွါရနှင့် ရသာရုံပေါင်းဆုံမိသော် ဇိဝှါဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်၊ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိသော် ကာယဝိညာဏ် စိတ် ဖြစ်ပေါ်လာသည်၊ မနောဒွါရနှင့် ဓမ္မာရုံ ပေါင်းဆုံမိ

သော် မနော ဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်၊ ထိုဒွါရ ၆-ပါးနှင့် အာရုံ၆-ပါးတို့ ပေါင်းဆုံမိခြင်း ဟူသော အကြောင်းကြောင့် စက္ခုဝိညာဏ် စသော ဝိညာဏ် ၆-ပါးဖြစ်ပေါ်လာကြ၏။……ထို့ကြောင့် ဤကိုယ်သည် ငါမဟုတ်၊ ဒွါရအာရုံပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော နာမ်တရားသာဟုတ်၏။

**တနည်းရုပ်အကြောင်း။** ။ကံ,စိတ်,ဥတု,အာဟာရ ဟူသော အကြောင်းတရား ၄-ပါးတို့ကြောင့် ရုပ်တရားများ ဖြစ်ပေါ်လာကြ၏။…… ထို့ကြောင့်- ဤကိုယ်သည် ငါမဟုတ်၊ ကံ,စိ,ဥ,ဟာ ကြောင်း ၄-ဖြာ တို့ကြောင့် ဖြစ်ပေါ်လာသော ရုပ်တရားသာဟုတ်၏။ ။ ဤနည်းတို့ဖြင့်လည်း ယုံမှားခြင်း ဝိစိကိစ္ဆာကို ပယ် နိုင်သည်။

**တနည်းနာမ်ရုပ်အကြောင်း။** ။ရှေးဘဝက အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝကြောင့် ယခုဘဝ ပဋိသန္ဓေ, ဝိညာဏ်, နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာဟူသောအကျိုး၅-ပါး နာမ်ရုပ်တရားများ ဖြစ်ပေါ်လာကြသည်၊ယခုဘဝ အဝိဇ္ဇာ,သင်္ခါရ,တဏှာ ဥပါဒါန်,ကမ္မဘဝဟူသော အကြောင်း ၅-ပါးကြောင့် နောက်ဘဝ ဝိညာဏ်, နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာဟူသော အကျိုး ၅-ပါး နာမ်ရုပ်တရားများဖြစ် ပေါ်လာကြလိမ့်မည်။……ထို့ကြောင့် ဤကိုယ်သည် ငါ မဟုတ်၊ အဝိဇ္ဇာစသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်

လာသော နာမ်ရုပ်သာဟုတ်၏။ ။[ဤသို့ အကြောင်း ကမ္မဝဋ်ကြောင့် အကျိုး ဝိပါကဝဋ်ဖြစ်သည့် အစွမ်း ဖြင့် နာမ်ရုပ်အကြောင်း သိမ်းဆည်းမှုကို ပြုရမည်။] ဤနည်းဖြင့်လည်း ယုံမှားခြင်း ဝိစိကိစ္ဆာကို ပယ်နိုင် သည်။

**ဥပမာ**။ ။သရက်စေ့ကြောင့်သရက်ပင်ဖြစ်သည်၊ ဘဖန် သရက်ပင်မှသီးသော အစေ့ကြောင့် သရက်ပင် ဖြစ်ပြန်သဖြင့် သရက်ပင် အဆက်မပြတ်သလို၊ အ ကြောင်း ကမ္မဝဋ်ကြောင့် အကျိုး ဝိပါကဝဋ် အဆက်မ ပြတ်ဖြစ်ပုံကိုသိ။

**နိဂုံး**။ ။ဤဆိုအပ်ပြီးသောနည်းအမျိုးမျိုးတို့ဖြင့်အ ကြောင်းအကျိုး ဆက်သွယ်၍ ဖြစ်နေကြသည်ကား အ ခြားမဟုတ်၊ နာမ်နှင့်ရုပ်သာဟုတ်၏ဟု အသိဉာဏ်ဖြစ် ပေါ်လာသောအခါ တဆဲ့ခြောက်ပါးသောယုံမှားခြင်း, ၅စ်ပါးသော ယုံမှားခြင်းဝိစိကိစ္ဆာကို ပယ်နိုင်၏၊ ၆၂ ပါးသော ဒိဋ္ဌိများလည်း ကင်းကွာကြ၏၊ ဟုတ်တိုင်းမှန် စွာသိသော ယထာဘူတဉာဏ်သို့ ဆိုက်ရောက်ပြီ၊ ရင်း ယထာဘူတဉာဏ်သို့ ဆိုက်ရောက်သော ပုဂ္ဂိုလ်အား သာသနာတော်၌ တည်ရာထောက်ရာ အားထားရာရပြီ ဖြစ်၍ သာသနာတော်နှင့် တွေ့ရကျိုး အတော်ကြီးနပ် ပေပြီ၊ သေလျှင် သုဂတိဘဝ မြဲပြီဖြစ်၍ သောတာပန်အ ကြီးစားနှင့် အလားတူသော သောတာပန် အငယ်စား ဗူဠသောတာပန်ဖြစ်ပြီ၊ ယုံမှားခြင်းအမျိုးမျိုးလွန်မြောက်

၍ ကန်္ဒါဝိတရဏာဝိသုဒ္ဓိ စခန်းသို့ ဆိုက်ရောက်ပြီဟု သိလေ။

**သတိပြုရန်။** ။ကြုံတွေ့ခဲ့လှသော ဗုဒ္ဓသာသနာတော်နှင့်လည်း ကြုံတွေ့ခိုက်၊ မိမိကလည်း လူ့အဖြစ်ကို ရခိုက်ဖြစ်ပါလျက် မင်မျိုးစေ့ ဖိုလ်မျိုးစေ့ ကလေးများကို ရမိလေအောင် ဤကန်္ဒါဝိတရဏာဝိသုဒ္ဓိစခန်းမှသို့ ဆိုက်ရောက်အောင် အားမထုတ်ပါဘဲ နမော်နမဲ့နှင့်နေခဲ့ပါမူ ဖိမ်ကိုလိုက်စား၍နေခဲ့ပါမူ ငါးကြွင်မကြိုက်သော ကြောင်ရိုက်နှင့်အလားတူ၍ လူ့ဗာလအဖြစ်သို့ လူ့အန္ဓအဖြစ်သို့ ဆိုက်ရောက်နေမည်ကို သတိပြုသင့်လှ၏။

---

## ၇။ လက္ခဏာရေးတင်ခဏ်း ထိုနောက်လက္ခဏာရေးသုံးပါးတင်ရမည် တင်ပုံ

၁။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ငါ့ကိုယ်မဟုတ်၊ ဤနာမ်ရုပ်သည် ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။ [အကြိမ်ကြိမ် အားထုတ်ရမည်။]

၂။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ငါ့ကိုယ်မဟုတ်၊ ဤနာမ်ရုပ်သည် ဖြစ်ခြင်းပျက်ခြင်းတို့ မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။ [အကြိမ်ကြိမ်အားထုတ်ရမည်။]

၃။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ငါ့ကိုယ်မဟုတ်၊ ဤနာမ်ရုပ်သည် မိမိအလိုသို့မလိုက် သောကြောင့် အစိုးမရ အနတ္တပါတကား။

အမှာ။ ။[အကြောင်းအားလျော်စွာ ဖြစ်ပေါ်နေသော နာမ်ရုပ်ဘာများတို့ကို မမြဲခြင်းအနိစ္စလက္ခဏာ, ဆင်းရဲခြင်း ဒုက္ခလက္ခဏာ,အစိုးမရခြင်း အနတ္တလက္ခဏာ ဤလက္ခဏာရေး ၃-ပါးတင်၍ ဆင်ခြင်သုံးသပ်ခြင်းများလတ်သော် ဇာန်ရေးရင့်သူများ ယခုဘဝ၌ပင် သောတာပန်အကြီးစား မဟာသောတာပန် ဖြစ်နိုင်သည်၊ အကယ်၍ ယခုဘဝ သောတာပန် အစစ်ကြီး မဖြစ်စေကာမူ-ဤသာသနာတော်တွင်း၌ပင် သောတာပန်အစစ်ကြီး ဖြစ်ခွင့်ရှိသည်၊ အကယ်၍ ဤသာသနာတော်အတွင်း၌ ဖြစ်ခွင့်မရ၍ မဖြစ်ကြသေးက၊ သာသနာပအခါ ပစ္စေကဗုဒ္ဓါများလည်း ဖြစ်နိုင်ရာသည်၊ အကယ်၍သာသနာတော်ပ၌ ပစ္စေကဗုဒ္ဓါမဖြစ်သေးက၊ နောင်ပွင့်လတ္တံ့သော မေတ္တေယျဘုရားကြီးထံမှ တရားနာရသဖြင့် ဧကန်သောတာပန်ကြီး ဖြစ်ရမည်။ ပဥ္စဂ္ဂ ပုဏ္ဏားဝဏ္ဏကိုထောက်၍ အိမ်အရောက်သောတာပတ္တိမဂ်ဖိုလ်များကို မြတ်ဘုရားကြီး ကိုယ်တိုင် ကြွလာပြီး ပို့လာမည်မှာ မလွဲပင်။...... ထို့ကြောင့် မတွန့်မဆုတ် အမြဲဌာန်ထား၍ အမြဲအားထုတ် ကြလေကုန်၊ ၃-ပါး စလုံး,စုံအောင်အားထုတ်၊သို့မှမဂ်ဖိုလ်ရမည် ပုတီးစိပ် လိုကလည်း စိပ်နိုင်သည်။]

## ၈။ နိဗ္ဗာန်ကိုအာရုံပြုခန်း

### ထို့နောက်နိဗ္ဗာန်ကို အာရုံပြုရမည်။... ပြုပုံ

၁။ နိဗ္ဗာန်သည် နာမ်ရုပ် ၂-ပါးမရှိ၍ ချမ်းသာကြီး ချမ်းသာလေစွ တကား။

၂။ နိဗ္ဗာန်သည် မီးတဆဲ့တပါးငြိမ်း၍ ချမ်းကြီး ငြေလေစွ တကား။

၃။ နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်းမရှိ၍ ငြိမ်းခြင်းကြီး ငြိမ်းလေစွ တကား၊

**ရည်ရွယ်ချက်။** ။နိဗ္ဗာန်ကို အလိုရှိသော စိတ် များများကြီး ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဤနိဗ္ဗာန် ဂုဏ်ပုဒ် ၃-ပုဒ်ကိုမျှ ရေးပိုက်ရသည်ဟု သိလေ။

---

## ၉။ အထူးအားထုတ်လိုသူများအတွက် ပြဆိုခန်း

အထူးအားထုတ် လိုသူများကား၊ ဆိုလတ္တံ့သော နည်းအတိုင်း အားထုတ်ရမည်။

**၁။ အာဒါန နိက္ခေပနည်း။** ။ရုပ်ကို ပဋိသန္ဓေမှ စုတိအထိ ပိုင်းပြီး လက္ခဏာရေး တင်၍ ဆင် ခြင်အားထုတ်ရသည်။

၂။ **ဝယောဝုဍ္ဎကမနနည်း။** ။အရွယ်အား ဖြင့် ကြီးရင့်သော ရုပ်၏ချုပ်ခြင်းကို ပိုင်းခြားပြီး လက္ခ ဏာရေးတင်၍ ဆင်ခြင်အားထုတ် ရသည်။

[ပိုင်းပုံ—အရွယ် ၃-ပါး၊ ဆယ်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တနှစ်၊ လေးလ၊ နှစ်လ၊ တလ၊ လဆန်း၊ လဆုတ်၊ နေ့၊ ညဉ့်၊နံနက်၊ နေ့ ခင်း၊ ညနေချမ်း၊ ညဉ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံ၊ ရှေ့တက်- နောက်ဆုတ်၊ တူ ရူကြည့်၊ တစောင်းကြည့်၊ ကွေး-ဆန့်၊ ကြွ- ဆောင်၊ လွှဲ-ချ၊ ထား-နှိပ်၊ ဤသို့ပိုင်းရမည်။]

၃။ **အာဟာရဇ ရုပ်ရှုနည်း။** ။အာဟာရ ကြောင့်ဖြစ်သော အာဟာရဇရုပ်ကို ဆာ,မဆာအခိုက် အားဖြင့် ခွဲ၍ လက္ခဏာရေးတင်ပြီး ဆင်ခြင်အားထုတ် ရသည်။

၄။ **ဥတုဇရုပ် ရှုနည်း။** ။ဥတုကြောင့် ဖြစ် သောဥတုဇရုပ်ကို အေး အပူ အခိုက်အားဖြင့်ခွဲ၍ လက္ခ ဏာရေးတင်ပြီး ဆင်ခြင်အားထုတ် ရသည်။

၅။ **ကမ္မဇရုပ်ရှုနည်း။** ။ကံကြောင့်ဖြစ်သော ကမ္မဇရုပ်ကို ဒွါရ ၆—ပါးခွဲ၍ လက္ခဏာရေးတင်ပြီး ဆင်ခြင်အားထုတ်ရသည်။

၆။ **စိတ္တဇရုပ်ရှုနည်း။** ။စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကို စိတ်ချမ်းသာ,စိတ်ဆင်းရဲခိုက်အားဖြင့်ခွဲ၍ လက္ခဏာရေးတင်ပြီး ဆင်ခြင်အားထုတ် ရသည်။

**၇။ ဓမ္မတာရုပ်ရှုနည်း။** ။မိမိ အလိုလို ဖြစ်သော သစ်ရွက်စသော ရုပ်ကို အသီးအသီး ခွဲ၍ လက္ခဏာရေးတင်ပြီး ဆင်ခြင်အားထုတ် ရသည်။

**အမှာ။** ။[ဓမ္မတာရုပ်ဟူသည်— မိမိအလိုလိုဖြစ်သော သံ—ကြေး—သလွဲဖြူ-သလွဲမည်း-ရွှေ-ငွေ-ပုလဲ-ပတ္တမြား-ကြောင်မျက်ရွဲ-ခရုသင်း-သန္တာ-ပတ္တမြားနီ-ပတ္တမြားပြောက်- မြေ-ကျောက်-တောင်-မြက်—သစ်ပင်-နွယ်စသောရုပ်မျိုးကိုဆိုသည်။]

ဤနည်း ၇-ပါးကို ရူပသတ္တကခေါ်သည်ဟုသိ။
ရုပ် ၇—မျိုးဟူ၏။

---

## ၁၀။ အားထုတ်ပုံနည်းအကျယ်

## ၁။ ရှေးဦးစွာ အာဒါနနိက္ခေပနည်းကို အားထုတ်ရမည်

## အားထုတ်ပုံ

ဤဘဝအတွင်း၌ ဖြစ်သောရုပ်အစုသည်၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။……အနိစ္စထင်အောင်ရှု။

ဤဘဝအတွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဖြစ်ခြင်းပျက်ခြင်းတို့သည် မပြတ်နှိပ်စက် အပ်သောကြောင့် ဆင်းရဲသောဒုက္ခပါတကား။……ဒုက္ခထင်အောင်ရှု။

ဤဘာဝအာဝင်း၌ဖြစ်သောရုပ်အစုသည်၊ မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။……အနတ္တထင်အောင်ရှု။

အမှာ။ ။[အနိစ္စထင်အောင်ရှုပြီးမှ ဒုက္ခကို၊ဒုက္ခထင်အောင်ရှုပြီးမှအနတ္တကိုထင်အောင်ရှု။]

အာဒါနနိက္ခေပနည်းအားထုတ်ပုံပြီး၏။

---

## ၂။ ထို့နောက် ဝယောဝုဍ္ဎဂ်ိမနနည်းကို အားထုတ်ရမည်

### အားထုတ်ပုံ

(က) ပဌမအရွယ်၌ဖြစ်သောရုပ်အစုသည်၊ မဇ္ဈိမအရွယ်သို့ မရောက်မီ၊ ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။……အနိစ္စထင်အောင်ရှု။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် မမြဲသော ဒုက္ခပါတကား။……ဒုက္ခထင်အောင်ရှု။

ထိုအနိစ္စ,ဒုက္ခ ဖြစ်သောရုပ်အစုသည်ပင်၊မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။…အနတ္တထင်အောင်ရှု။

(ခ) မဇ္ဈိမအရွယ်၌ ဖြစ်သော ရုပ်အစုသည်၊ ပစ္ဆိမအရွယ်သို့ မရောက်မီ၊ ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။

ထိုအနိစ္စဖြစ်သောရုပ်အစုသည်၊ ဖြစ်ခြင်း ပျက်ခြင်း တို့သည်မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သောရုပ်အစုသည်ပင်၊မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရအနတ္တပါတကား။

( ဂ ) ပစ္ဆိမအရွယ်၌ ဖြစ်သော ရုပ်အစုသည်၊ မသေမီ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်းပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်အစုသည်ပင်၊ မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။… ထင်အောင်အထပ်ထပ်ရှု။

## ထို့နောက် ဆယ်နှစ်ပိုင်း၍ အားထုတ်ရမည် အားထုတ်ပုံ

ပထမ ဆယ်နှစ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ အသက်နှစ်ဆယ်တွင်းသို့ မရောက်မီ၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်းပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိဋ္ဌ,ဒုက္ခဖြစ်သော ရုပ်အစုသည်ပင်၊မိမိအလို သို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

အသက်နှစ်ဆယ်တွင်း၌ဖြစ်သော ရုပ်အစုသည်၊ အသက်သုံးဆယ်တွင်းသို့ မရောက်မီ……ရှေးအတိုင်း အနိဋ္ဌ,ဒုက္ခ,အနတ္တ ၃-ချက်ဆို၍ပွါး။

အသက် သုံးဆယ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ အသက်လေးဆယ်တွင်းသို့ မရောက်မီ……ရှေးအတိုင်း ၃–ချက်ဆို။

အသက်လေးဆယ်တွင်း၌ဖြစ်သော ရုပ်အစုသည်၊ အသက်ငါးဆယ်တွင်းသို့ မရောက်မီ……ရှေးအတိုင်း ၃-ချက်ဆို။

အသက် ငါးဆယ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ အသက် ခြောက်ဆယ်တွင်းသို့ မရောက်မီ……ရှေးအတိုင်း ၃-ချက်ဆို။

အသက် ခြောက်ဆယ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ အသက်ခုနစ်ဆယ်တွင်းသို့ မရောက်မီ……ရှေးအတိုင်း ၃-ချက်ဆို။

အသက်ခုနစ်ဆယ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ အသက်ရှစ်ဆယ်တွင်းသို့ မရောက်မီ……ရှေးအတိုင်း ၃-ချက်ဆို။

အသက်ရှစ်ဆယ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ အသက်ကိုးဆယ်တွင်းသို့ မရောက်မီ…… ရှေးအတိုင်း ၃-ချက်ဆို။

အသက်ကိုးဆယ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ အသက်တရာတွင်းသို့ မရောက်မီ……ချုပ်ပြတ်ရွေးအတိုင်း ၃– ချက်ဆို။

အသက်တရာတွင်း၌ဖြစ်သော ရုပ်အစုသည်၊မသေမီ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်းပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်အစုသည်ပင်၊မိမိအလိုသို့မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

---

## ထို့နောက် ငါးနှစ်စသည်ဖြင့်ပိုင်း၍ အားထုတ်ရမည်

## အားထုတ်ပုံ

ပထမ ငါးနှစ် အတွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယ ငါးနှစ်အတွင်းသို့ မရောက်မီ……ရွေး အတိုင်း ၃–ချက်ဆို။

ပထမ လေးနှစ် အတွင်း၌ဖြစ်သော ရုပ်အစုသည်၊ ဒုတိယ လေးနှစ်အတွင်းသို့ မရောက်မီ……ရွေး အတိုင်း ၃-ချက်ဆို။

ပထမ သုံးနှစ်အတွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယနည်းမှီး၍ဆို။

ပဌမ နှစ်နှစ်အတွင်း၌ ဖြစ်သော ရုပ်အစု သည်၊ ဒုတိယ ……။

ပဌမ တနှစ် အတွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယ ……။

ပဌမ လေးလအတွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယ ၄–လ ……။

ပဌမ နှစ်လ အတွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယ ၂–လ……။

ပဌမ တလအတွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယ ၁–လ …။

လဆန်း အတွင်း၌ဖြစ်သောရုပ်အစုသည်၊ လဆုတ် အတွင်းသို့မရောက်မီ၊ လဆုတ်အတွင်း၌ဖြစ်သော ရုပ် အစုသည်၊ လဆန်းအတွင်းသို့ မရောက်မီ…ရှေးအတိုင်း ၃–ချက်ဆို။

နေ့အခါ၌ ဖြစ်သော ရုပ်အစုသည်၊ ညဥ့်အခါသို့ မရောက်မီ၊ ညဥ့်အခါ၌ဖြစ်သော ရုပ်အစုသည်၊ နေ့အခါ သို့ မရောက်မီ……ရှေးအတိုင်း ၃–ချက်ဆို။

ရှေးသို့တက်သောအခါ၌ ဖြစ်သော ရုပ်အစုသည်၊ နောက်ဆုတ်သော အခါသို့ မရောက်မီ၊ နောက်သို့ ဆုတ်သောအခါ၌ဖြစ်သော ရုပ်အစုသည်၊ ရှေးတက် သောအခါသို့ မရောက်မီ……ရှေးအတိုင်း ၃ချက်ဆို။

တူရူကြည့်သောအခါ၌ ဖြစ်သော ရုပ်အစုသည် တစောင်းကြည့်သော အခါသို့ မရောက်မီ၊ တစောင်း

ကြည့်သော အခါ၌ဖြစ်သောရုပ်အစုသည်၊ တူရူကြည့်သော အခါသို့မရောက်မီ……ရှေးအတိုင်း ၃–ချက်ဆို။

ကွေးသော အခါ၌ဖြစ်သော ရုပ်အစုသည်၊ ဆန့်သောအခါသို့ မရောက်မီ၊ ဆန့်သောအခါ၌ ဖြစ်သော ရုပ်အစုသည်၊ ကွေးသော အခါသို့ မရောက်မီ…… ရှေးအတိုင်း-၃-ချက်ဆို။

ခြေတလှမ်းတလှမ်း၌ ခြေကြွသောအခါ၌ဖြစ်သော ရုပ်အစုသည်၊ ခြေရှေးသို့ဆောင်သောအခါသို့မရောက်မီ၊ ခြေရှေးသို့ဆောင်သော အခါ၌ ဖြစ်သော ရုပ်အစုသည်၊ ခြေလွှဲသော အခါသို့ မရောက်မီ၊ ခြေလွှဲသော အခါ၌ ဖြစ်သော ရုပ်အစုသည်၊ ခြေချသော အခါသို့ မရောက်မီ၊ ခြေချသော အခါ၌ဖြစ်သော ရုပ်အစုသည်၊ ခြေနှိပ်သော အခါသို့ မရောက်မီ…… ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်နှိပ်စက် အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်အစုသည်ပင်၊မိမိအလိုသို့မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

ဝယောရုပ်မှုဆွက်မနုနည်းအားထုတ်ပုံပြီး၏။

## ၃။ ထို့နောက် အာဟာရဇရုပ်ရှုနည်းကို အားထုတ်ရမည်

### အားထုတ်ပုံ

ဆာသောအခိုက်၌ဖြစ်သော ရုပ်အစုသည်၊ အဆာပြေခိုက်သို့မရောက်မီ၊ အဆာပြေခိုက်၌ဖြစ်သော ရုပ်အစုသည်၊ ဆာခိုက်သို့ မရောက်မီ၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထို အနိစ္စ,ဒုက္ခ ဖြစ်သော ရုပ်အစုသည်ပင်၊ မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

အာဟာရဇရုပ် အားထုတ်ပုံနည်း ပြီး၏။

---

## ၄။ ထို့နောက် ဥတုဇရုပ်ရှုနည်းကို အားထုတ်ရမည်

### အားထုတ်ပုံ

အေးသောအခိုက်၌ဖြစ်သော ရုပ်အစုသည်၊ ပူသောအခိုက်သို့မရောက်မီ၊ ပူသောအခိုက်၌ဖြစ်သော ရုပ်အစုသည်၊ အေးသောအခိုက်သို့မရောက်မီ၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်းပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်အစုသည်ပင်၊ မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

ဥတုဇရုပ်အားထုတ်ပုံနည်းပြီး၏။

---

## ၅။ ထို့နောက်ကမ္မဇရုပ်ရှုနည်းကို အားထုတ်ရမည်

### အားထုတ်ပုံ

စက္ခုဒွါရ၌ ဖြစ်သော ရုပ် ၅၄-ခုသည်၊ သောတဒွါရသို့မရောက်မီ၊ သောတဒွါရ၌ဖြစ်သော ရုပ် ၅၄-ခုသည်၊ ဃာနဒွါရသို့မရောက်မီ၊ ဃာနဒွါရ၌ဖြစ်သော ရုပ် ၅၄-ခုသည်၊ ဇိဝှါဒွါရသို့မရောက်မီ၊ ဇိဝှါဒွါရ၌ဖြစ်သော ရုပ် ၅၄-ခုသည်၊ကာယဒွါရသို့မရောက်မီ၊ ကာယဒွါရ၌ဖြစ်သော ရုပ် ၄၄-ခုသည်၊မနောဒွါရသို့မရောက်မီ၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်အစုသည်ပင် မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

ကမ္မဇရုပ်အားထုတ်ပုံနည်း ပြီး၏။

## ၆။ ထို့နောက် စိတ္တဇရုပ်ရှုနည်းကို အားထုတ်ရမည်

### အားထုတ်ပုံ

စိတ်ချမ်းသာခိုက်၌ ဖြစ်သောရုပ်အစုသည်၊ စိတ်ဆင်းရဲခိုက်သို့ မရောက်မီ၊ စိတ်ဆင်းရဲခိုက်၌ ဖြစ်သောရုပ်အစုသည်၊ စိတ်ချမ်းသာခိုက်သို့ မရောက်မီ၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါတကား။

ဤအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်အစုသည်ပင် မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

စိတ္တဇရုပ်အားထုတ်ပုံနည်းပြီး၏။

---

## ၇။ ထို့နောက်ဓမ္မတာရုပ် ရှုနည်းကို အားထုတ်ရမည်

### အားထုတ်ပုံ

ဝန်းသုံးရှက်ညွှန့်စသည်၌ နုနုနီခိုက်ဖြစ်သော ရုပ်အစုသည်၊ ရင့်ရင့်နီခိုက်သို့ မရောက်မီ၊ ရင့်ရင့်နီခိုက်ဖြစ်သော ရုပ်အစုသည်၊ ပြေပြေနီခိုက်သို့ မရောက်မီ၊

ပြေပြေနီနိုက်ဖြစ်သော ရုပ်အစုသည်၊ ရှက်နှုအဆင်း မရှိမီ၊ ရှက်နှုအဆင်းရှိနိုက် ရုပ်အစုသည်၊ ရှက်ရင့်အဆင်းမရှိမီ၊ ရှက်ရင့်အဆင်းရှိနိုက် ရုပ်အစုသည်၊ ရှက်စိမ်းအဆင်းမရှိမီ၊ ရှက်စိမ်းအဆင်းရှိနိုက် ရုပ်အစုသည်၊ ရှက်ညိုအဆင်းမရှိမီ၊ ရှက်ညိုအဆင်းရှိနိုက် ရုပ်အစုသည်၊ ရှက်ရော်အဆင်း မရှိမီ၊ ရှက်ရော်အဆင်းရှိနိုက် ရုပ်အစုသည်၊ ရှက်ကြွေသောအခိုက်သို့ မရောက်မီ၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်အစုသည်ပင်၊ မိမိအလိုသို့ မလိုက်သောကြောင့်အစိုးမရအနတ္တပါတကား။

**ဓမ္မတာရုပ် အားထုတ်နည်း ပြီး၏။**

**ရုပ် ၇-ပါးအားထုတ်နည်း ပြီး၏။**

---

## ၉။ ထို့နောက်အရူပသတ္တကကိုဆက်လက် အားထုတ်ခဏ်း

## အားထုတ်ပုံနည်းများ

၁။……ကလာပ-အစုအားဖြင့် အားထုတ်ရသည်၊

၂။……ယမက-အစုံအားဖြင့်အားထုတ်ရသည်၊

၃။……ခဏိက-အခိုက်အတန့်အားဖြင့် အားထုတ်ရသည်။

၄။……ပဋိပါဋိ-အစဉ်အားဖြင့်အားထုတ်ရသည်။

၅။……ဒိဋ္ဌိဥဂ္ဃါဋန- ဒိဋ္ဌိကိုခွါသောအားဖြင့် အားထုတ်ရသည်။

၆။……မာနသမုဂ္ဃါဋန- မာနကိုခွါသော အားဖြင့် အားထုတ်ရသည်။

၇။……နိကန္တိပရိယာဒါန- တဏှာကိုကုန်စေသော အားဖြင့်အားထုတ်ရသည်။

ဤ ၇-ပါးကိုအရူပသတ္တကခေါ်သည်။ [နာမ်၇-မျိုးဟူ၏။]

---

## အားထုတ်နည်းအကျယ်

## ၁။ ရှေးဦးစွာ-ကလာပနည်းကို အားထုတ်ရမည်

### အားထုတ်ပုံ

ရူပသတ္တက၌ရုပ် ၇-ပါးကိုရှုသော ဝိပဿနာစိတ်သည်၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ဝိပဿနာစိတ်သည်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသောဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သောဝိပဿနာစိတ်သည်၊ မိမိအလိုသို့မလိုက်သောကြောင့် အစိုးမရအနတ္တပါတကား။ [အနိစ္စ,ဒုက္ခ,အနတ္တ တခုစီထင်အောင် အားထုတ်။]

ကလာပနည်းအားထုတ်ပုံပြီး၏။

## ၂။ ထို့နောက်ယမကနည်းကို အားထုတ်ရမည် အားထုတ်ပုံ

ဤဘဝအတွင်း၌ ဖြစ်သောရုပ်အစုသည်၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါတကား။ ထိုရုပ်အစုကိုရှုသော ဝိပဿနာစိတ်သည်လည်း၊ ဖြစ်ပေါ်လာပြီးပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။ ထိုအနိစ္စဖြစ်သောရုပ်အစုကိုရှုသော ဝိပဿနာစိတ်သည်လည်း ဖြစ်ပေါ်လာပြီး ပျက်စီး ခြင်းကြောင့် မမြဲသောအနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။ ထိုဒုက္ခဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာစိတ်သည်လည်း ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့်ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်အစုသည်ပင်၊ မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

ထိုအနတ္တဖြစ်သော ရုပ်အစုကို ရှုသော ဝိပဿနာစိတ် သည်လည်း၊မိမိအလိုသို့မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

ပဌမ ဆယ်နှစ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယ ဆယ်နှစ်တွင်းသို့ မရောက်မီ၊...... ပဌမငါးနှစ် တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ဒုတိယငါးနှစ်တွင်းသို့ မရောက်မီ၊...... ပဌမ လေးနှစ်တွင်း၌ ဖြစ်သော ရုပ်အ စုသည် ဒုတိယ လေးနှစ်တွင်းသို့မရောက်မီ၊...... ပဌမ သုံးနှစ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယသုံးနှစ် တွင်းသို့မရောက်မီ၊...... ပဌမနှစ် နှစ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယ နှစ်နှစ်တွင်းသို့ မရောက်မီ၊...... ပဌမ တနှစ်တွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယ တနှစ်တွင်းသို့မရောက်မီ၊......ပဌမ လေးလတွင်း၌ဖြစ် သော ရုပ်အစုသည်၊ဒုတိယ လေးလတွင်းသို့မရောက် မီ၊...... ပဌမ နှစ်လတွင်း၌ ဖြစ်သော ရုပ်အစုသည်၊ ဒုတိယနှစ်လတွင်းသို့မရောက်မီ၊...... ပဌမတလတွင်း ၌ဖြစ်သောရုပ်အစုသည်၊ဒုတိယတလတွင်းသို့မရောက် မီ၊... လဆန်းအတွင်း၌ ဖြစ်သောရုပ်အစုသည်၊လဆုတ် အတွင်းသို့မရောက်မီ၊......လဆုတ်အတွင်း၌ ဖြစ်သော ရုပ်အစုသည်၊လဆန်းအတွင်းသို့မရောက်မီ၊...... နေ့အ ခါ၌ ဖြစ်သော ရုပ်အစုသည်၊ညဥ့်အခါသို့မရောက်မီ၊... ညဥ့်အခါ၌ ဖြစ်သောရုပ်အစုသည်၊နေ့အခါသို့ မရောက် မီ၊......ရှေးတက်သော အခါ၌ဖြစ်သော ရုပ်အစုသည်၊ နောက်ဆုတ်သောအခါသို့မရောက်မီ၊... နောက်ဆုတ်

သောအခါ၌ ဖြစ်သော ရုပ်အစုသည်၊ ရှေးတက်သော အခါသို့ မရောက်မီ၊…တူရူကြည့်သောအခါ၌ဖြစ်သော ရုပ်အစုသည်၊ တစောင်းကြည့်သောအခါသို့ မရောက်မီ၊……တစောင်း ကြည့်သောအခါ၌ ဖြစ်သော ရုပ်အစုသည်၊ တူရူကြည့်သောအခါသို့ မရောက်မီ၊ ….. ကွေးသောအခါ၌ ဖြစ်သော ရုပ်အစုသည်၊ဆန့်သောအခါသို့ မရောက်မီ၊…ဆန့်သောအခါ၌ ဖြစ်သောရုပ်အစုသည်၊ ကွေးသောအခါသို့ မရောက်မီ၊…… ခြေကြွသောအခါ၌ ဖြစ်သောရုပ်အစုသည်၊ခြေရှေးသို့ဆောင်သောအခါသို့ မရောက်မီ၊……ခြေရှေးသို့ဆောင်သောအခါ၌ဖြစ်သော ရုပ်အစုသည်၊ခြေလွှဲသော အခါသို့ မရောက်မီ၊…… ခြေလွှဲသောအခါ၌ ဖြစ်သော ရုပ်အစုသည်၊ ခြေချသော အခါသို့ မရောက်မီ၊……ခြေချသော အခါ၌ ဖြစ်သော ရုပ်အစုသည်၊ ခြေထားသော အခါသို့ မရောက်မီ၊…… ခြေထားသော အခါ၌ ဖြစ်သော ရုပ်အစုသည်၊ ခြေဖိနှိပ်သော အခါသို့ မရောက်မီ၊…… ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စ ပါတကား။…… ထိုအနိစ္စဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာ စိတ်သည်လည်း၊ ဖြစ်ပေါ်လာပြီးပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါတကား။ [အနိစ္စထင်အောင်ရှု။]

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်းပျက်ခြင်းတို့သည်မပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။……ထိုဒုက္ခဖြစ်သောရုပ်အစုကို

ရှုသောဝိပဿနာစိတ်သည်လည်းဖြစ်ခြင်းပျက်ခြင်းတို့သည်မပြတ်နှိပ်စက်အပ်သောကြောင့်ဆင်းရဲသောဒုက္ခပါတကား။ [ဒုက္ခထင်အောင်ရှု။]

ထိုအနိစ္စ,ဒုက္ခဖြစ်သောရုပ်အစုသည်ပင်၊မိမိအလိုသို့မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။...... ထိုအနတ္တဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာစိတ်သည်လည်း မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရအနတ္တပါတကား။ [အနတ္တထင်အောင်ရှု။]

ဤကား-ဝယောဝုဍ္ဍဂ်မနနည်း၌အားထုတ်ပုံတည်း။

ဆာသောအခါ၌ဖြစ်သောရုပ်အစုသည်၊အဆာပြေခိုက်သို့မရောက်မီ၊ အဆာပြေခိုက်၌ဖြစ်သော ရုပ်အစုသည်၊ ဆာသောအခိုက်သို့မရောက်မီ၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။...... ထိုအနိစ္စဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာစိတ်သည်လည်း ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါတကား။

ထိုအနိစ္စဖြစ်သောရုပ်အစုသည်ပင်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည်မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသောဒုက္ခပါတကား။......ထိုဒုက္ခဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာစိတ်သည်လည်း ဖြစ်ခြင်းပျက်ခြင်းတို့သည်မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသောဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သောရုပ်အစုသည်ပင်၊မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။······ ထိုအနတ္တဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာစိတ် သည်လည်း မိမိအလိုသို့မလိုက်သောကြောင့် အစိုး မရအနတ္တပါတကား။

## ၅ကား-အာဟာရဇရုပ်၌အားထုတ်ပုံတည်း။

ဧသော အခိုက်၌ဖြစ်သော ရုပ်အစုသည်၊ ပူသော အခိုက်သို့မရောက်မီ၊ ပူသောအခိုက်၌ ဖြစ်သော ရုပ် အစုသည်၊ ဧသောအခိုက်သို့မရောက်မီ ဖြစ်ပေါ်လာ ပြီးပျက်စီးခြင်းကြောင့်မမြဲသော အနိစ္စပါတကား။······ ထိုအနိစ္စဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာစိတ် သည်လည်း ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲ သောအနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်းပျက် ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲ သောဒုက္ခပါတကား။······ထိုဒုက္ခဖြစ်သော ရုပ်အစုကို ရှုသောဝိပဿနာစိတ်သည်လည်း ဖြစ်ခြင်း ပျက်ခြင်း တို့သည်မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား၊

ထိုအနိစ္စ,ဒုက္ခဖြစ်သောရုပ်အစုသည်ပင်၊ မိမိအလို သို့မလိုက်သောကြောင့်အစိုးမရ အနတ္တပါတကား။······ ထိုအနတ္တဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာစိတ်

သည်လည်း မိမိအလိုသို့မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

## ဤကား-ဥတုဇရုပ်၌အားထုတ်ပုံတည်း။

စက္ခုဒွါရ၌ဖြစ်သောရုပ် ၅၄-ခုသည် သောတဒွါရသို့မရောက်မီ၊ သောတဒွါရ၌ ဖြစ်သောရုပ်-၅၄-ခုသည် ဃာနဒွါရသို့မရောက်မီ၊ ဃာနဒွါရ၌ဖြစ်သောရုပ်-၅၄-ခုသည် ဇိဝှါဒွါရသို့မရောက်မီ၊ ဇိဝှါဒွါရ၌ဖြစ်သောရုပ် ၅၄-ခုသည် ကာယဒွါရသို့ မရောက်မီ၊ကာယဒွါရ၌ ဖြစ်သော ရုပ် ၄၄-ခုသည် မနောဒွါရသို့မရောက်မီ၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါ တကား။......ထိုအနိစ္စဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာ စိတ်သည်လည်း ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။......ထိုဒုက္ခဖြစ်သော ရုပ်အစုကိုရှုသောဝိပဿနာ စိတ်သည်လည်း ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်နှိပ်စက် အပ်သောကြောင့် ဆင်းရဲသောဒုက္ခပါတကား။

ထိုအနိစ္စ, ဒုက္ခဖြစ်သော ရုပ်အစုသည်ပင်၊မိမိအလိုသို့မလိုက်သောကြောင့်အစိုးမရအနတ္တပါတကား။......ထိုအနတ္တဖြစ်သော ရုပ်အစုကို ရှုသောဝိပဿနာစိတ်

သည်လည်း မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရအနတ္တပါတကား။

ဤကား-ကမ္မဇရုပ်၌အားထုတ်ပုံတည်း။

စိတ်ချမ်းသာခိုက် ဖြစ်သောရုပ်အစုသည်၊စိတ်ဆင်းရဲခိုက်သို့မရောက်မီ၊ စိတ်ဆင်းရဲခိုက်ဖြစ်သော ရုပ်အစုသည် စိတ်ချမ်းသာခိုက်သို့ မရောက်မီ၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။...... ထိုအနိစ္စဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာစိတ်သည်လည်း ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါတကား။

ထိုအနိစ္စဖြစ်သော ရုပ်အစုသည်ပင်၊ ဖြစ်ခြင်းပျက်ခြင်းတို့သည် မပြတ်နှိပ်စက် အပ်သောကြောင့် ဆင်းရဲသောဒုက္ခပါတကား။......ထိုဒုက္ခဖြစ်သောရုပ်အစုကိုရှုသော ဝိပဿနာစိတ်သည်လည်း ဖြစ်ခြင်းပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့်ဆင်းရဲသောဒုက္ခပါတကား။

ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်အစုသည်ပင်၊မိမိအလိုသို့မလိုက်သောကြောင့် အစိုးမရအနတ္တပါတကား။......ထိုအနတ္တဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာစိတ်သည်လည်း မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရအနတ္တပါတကား။

ဤကား-စိတ္တဇရုပ်၌အားထုတ်ပုံတည်း။

ပန်းသုံးရွက်ညွန့်စသည်၌ နုနုနီခိုက်ဖြစ်သောရုပ်အစုသည် ရင့်ရင့်နီခိုက်သို့မရောက်မီ၊ ရင့်ရင့်နီခိုက်ဖြစ်သော ရုပ်အစုသည်၊ ပြေပြေနီခိုက်သို့ မရောက်မီ၊ ပြေပြေနီခိုက်ဖြစ်သော ရုပ်အစုသည် ရွက်နုအဆင်းမရှိမီ၊ ရွက်နုအဆင်းရှိခိုက် ရုပ်အစုသည် ရွက်ရင့်အဆင်းမရှိမီ၊ ရွက်ရင့်အဆင်းရှိခိုက် ရုပ်အစုသည် ရွက်စိမ်းအဆင်းမရှိမီ၊ ရွက်စိမ်းအဆင်းရှိခိုက်ရုပ်အစုသည် ရွက်ညိုအဆင်းမရှိမီ၊ ရွက်ညို အဆင်းရှိခိုက် ရုပ်အစုသည် ရွက်ဖျော့ အဆင်းမရှိမီ၊ ရွက်ဖျော့အဆင်းရှိခိုက်ရုပ်အစုသည်၊ ရွက်ကြွေသော အခိုက်သို့မရောက်မီ၊ ဖြစ်ပေါ်လာပြီးပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါတကား။ ......ထိုအနိစ္စဖြစ်သော ရုပ်အစုကို ရှုသောဝိပဿနာစိတ်သည်လည်း ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါတကား။

ထိုအနိစ္စဖြစ်သောရုပ်အစုသည်ပင်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။ ......ထိုဒုက္ခဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿနာစိတ်သည်လည်း ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။

ထိုအနိစ္စ၊ ဒုက္ခဖြစ်သောရုပ်အစုသည်ပင်၊ မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။ ......ထိုအနတ္တဖြစ်သော ရုပ်အစုကိုရှုသော ဝိပဿ

နာစိတ်သည်လည်း မိမိအလိုသို့ မလိုက်သောကြောင့် အစိုးမရ အနတ္တပါတကား။

ဤကား—ဓမ္မတာရုပ်၌အားထုတ်ပုံတည်း။
ယမကနည်းအားထုတ်ပုံပြီး၏။

---

## ၃။ ထို့နောက် ခဏိကနည်းကို အားထုတ်ရမည် အားထုတ်ပုံ

ဤဘဝအတွင်း၌ဖြစ်သော ရုပ်အစုသည်၊ ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။...... ထိုရုပ်အစုကိုရှုသော ပထမ ဝိပဿနာစိတ်သည်လည်း ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသောအနိစ္စပါတကား။...... ထို ပထမ ဝိပဿနာ စိတ်ကို ရှုသော ဒုတိယ ဝိပဿနာ စိတ်သည်လည်း ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။...... ထို ဒုတိယ ဝိပဿနာစိတ်ကို ရှုသော တတိယဝိပဿနာ စိတ်သည်လည်း ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။......ထိုတတိယ ဝိပဿနာစိတ်ကို ရှုသော စတုတ္ထ ဝိပဿနာစိတ်သည်လည်း ဖြစ်ပေါ်လာပြီး ပျက်စီးခြင်းကြောင့် မမြဲသော အနိစ္စပါတကား။[ဤသို့စိတ်ကို လေးဆက်တိုင်အောင် အနိစ္စကို အားထုတ်။]

ဤဘဝအတွင်း၌ဖြစ်သော ရုပ်အစုသည်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။...... ထိုဒုက္ခဖြစ်သော

ရုပ်အစုကို ရှုသော ဝိပဿနာစိတ်သည်လည်း ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပါတကား။ [ရှေးနည်းကို မှီး၍ လေးဆက်တိုင်အောင်ဒုက္ခကိုအားထုတ်။]

ဤဘာဝအတွင်း၌ဖြစ်သော ရုပ်အစုသည်၊ မိမိအလိုသို့မလိုက်သောကြောင့် အစိုးမရအနတ္တပါတကား။... ထိုအနတ္တဖြစ်သောရုပ်အစုကိုရှုသော ပထမဝိပဿနာ စိတ်သည်လည်း မိမိအလိုသို့ မလိုက် သောကြောင့် အစိုးမရအနတ္တပါတကား။

[ရှေးနည်းအတိုင်းလေးဆက်တိုင်အောင် အနတ္တကို အားထုတ်။]

အမှာ။ ။[ထို့နောက်အရွယ်၃-ပါးတချက်၊ ၁၀-နှစ်၊ ၅-နှစ်၊ ၄-နှစ်၊ ၃-နှစ်၊ ၂-နှစ်၊ ၁-နှစ်၊ ၄-လ၊ ၂-လ၊ ၁-လ၊ လဆန်း-လဆုတ်၊ နေ့-ညဉ့်၊ နံနက်-နေ့ခင်း-ညချမ်း၊ ညဉ့်ဦးယံ-သန်းခေါင်ယံ-မိုးသောက်ယံ၊ ရှေ့တက်-နောက်ဆုတ်၊ တူရူကြည့်-တစောင်းကြည့်၊ ကွေး-ဆန့်၊ ကြွ-ဆောင်၊ လွှဲ-ချ၊ ထား-နှိပ်-သောအခါ၌ဖြစ်သော ရုပ်အစုကို လက္ခဏာရေး ၃-ပါးတင်၍ ယမကနည်း၌ လာသောအတိုင်းရှု။ အထူး-ဝိပဿနာ စိတ်ကိုကား ၄-ဆက်တိုင်အောင် အနိစ္စ,ဒုက္ခ,အနတ္တကို ရှုရသည် သာထူး၏။ ရှုပုံကိုခဏိကနည်း အစ၌ ရှုနည်းအတိုင်း ရှုလေ။ ။ထို့နောက် အာဟာရဇရုပ်ကိုရှု၊ ထို့နောက် ဥတုဇရုပ်ကိုရှု၊ ထို့နောက် ကမ္မဇရုပ်ကိုရှု၊ ထို့နောက် စိတ္တဇရုပ်ကိုရှု၊ ထို့နောက် ဓမ္မတာရုပ်ကိုရှု၊....ရှုပုံကို ယမကနည်း၌ လာသော အတိုင်းရှု။

ဝိပဿနာကို လေးဆက်တိုင်အောင် ရှုသည်သာ ထူး၏။]

ခဏိကနည်းအားထုတ်ပုံပြီး၏။

## ၄။ ထို့နောက် ပဋ္ဌိပါဋ္ဌိနည်းကို အားထုတ်ရမည် အားထုတ်ပုံ

အမှာ။ ။[ခဏိကနည်း၌ ဝိပဿနာစိတ်ကို လေးဆက်တိုင်အောင် အားထုတ်ရသလို၊ ဤပဋ္ဌိပါဋ္ဌိနည်း၌ကား- ၁၀-ဆက်တိုင်အောင် အားထုတ်ရသည်။ ဤနည်း၌ ၁၀-ဆက်တိုင်အောင်အားထုတ်ခြင်းသာထူး၏။]

ပဋ္ဌိပါဋ္ဌိနည်းအားထုတ်ပုံ ပြီး၏။

## ၅။ ဒိဋ္ဌိဥဂ္ဃါဋနနည်း

ဤဒိဋ္ဌိဥဂ္ဃါဋနနည်းကား-အားထုတ်ပုံ သီးခြားမရှိ၊ မိမိကိုယ်ကို ငါ့ကိုယ်အနေထား၍ ငါသည် ဝိပဿနာ ရှုအံ့၊ ငါ၏ဝိပဿနာဟုယူဆသော ပုဂ္ဂိုလ်အား ဒိဋ္ဌိကို ခွါခြင်းမဖြစ်သေး၊ သင်္ခါရတရားတို့သည်သာ သင်္ခါရ တရားတို့ကို ရှုကြသည်ဟု ယူဆသော ပုဂ္ဂိုလ်အား သာ ဒိဋ္ဌိကိုခွါရာရောက်သည်၊ ဒိဋ္ဌိဥဂ္ဃါဋနဖြစ်သည်၊ ထို့ကြောင့် သင်္ခါရခန္ဓာတို့သည်သာ သင်္ခါရခန္ဓာတို့ကို ရှု, ဆင်ခြင်ကြ၊ မှတ်သား,သိမ်းဆည်းကြသည်-ဟု ယူဆကြရမည်။...... သင်္ခါရခန္ဓာတို့၌ အနတ္တထင်လျှင် ဒိဋ္ဌိဥဂ္ဃါဋနဖြစ်နိုင်သည်ဟုသိ။

ဒိဋ္ဌိဥဂ္ဃါဋနနည်း ပြီး၏။

## ၆။ မာနသမုဂ္ဃါဋနနည်း

ဤမာနသမုဂ္ဃါဋနနည်း-အားထုတ်ပုံ သီးခြားမရှိ၊ မိမိကိုယ်ကို အားထားသော အနေမျိုးဖြင့် ငါသည် ကောင်းစွာဝိပဿနာရှုအံ့၊ စိတ်နှလုံးတိုးပွါးလာအောင် ဝိပဿနာရှုအံ့ဟု ယူဆသော ပုဂ္ဂိုလ်အား မာနကို ခွါခြင်းမဖြစ်သေး၊ သင်္ခါရတရားတို့သည်သာ သင်္ခါရ တရားတို့ကို ရှုကြသည်,မှတ်ကြသည်, သိမ်းဆည်းကြ သည်ဟု ယူဆသော ပုဂ္ဂိုလ်အားသာ မာနကိုခွါရာ ရောက်သည်။ မာနသမုဂ္ဃါဋနဖြစ်သည်၊ ထို့ကြောင့် သင်္ခါရဓမ္မတို့သည်သာ သင်္ခါရဓမ္မတို့ကိုရှု၊ ဆင်ခြင်၊ သုံးသပ်၊မှတ်သား၊ သိမ်းဆည်းကြသည်-ဟု ယူဆရ မည်။ .....သင်္ခါရဓမ္မတို့၌ အနိစ္စထင်လျှင် မာနသမုဂ္ဃါ ဋနဖြစ်နိုင်သည်ဟုသိ။

မာနသမုဂ္ဃါဋနနည်းပြီး၏။

---

## ၇။ နိကန္တိပရိယာဒါနနည်း

ဤ နိကန္တိပရိယာဒါနနည်းလည်း အားထုတ်ပုံ သီးခြားမရှိ၊ မိမိကိုယ်ကို စွဲလှမ်းသော အနေမျိုးဖြင့် ငါသည် စိတ်ကို ဝိပဿနာရှုခြင်း၌ ခွမ်းနိုင်၏၊ ထို့ကြောင့် ဝိပဿနာရှု၍သာ ကာလကို လွန်စေ,ကုန် စေမည်ဟု ဝိပဿနာကို သာယာသော ပုဂ္ဂိုလ်အား တဏှာကို မကုန်နိုင်စေသေး၊ သင်္ခါရတရားတို့သည် သာ သင်္ခါရတရားတို့ကိုရှုကြသည်၊ သုံးသပ်ကြသည်၊

မှတ်ကြသည်၊ သိမ်းဆည်းကြသည့်-ဟု ယူဆသော ပုဂ္ဂိုလ်အားသာ တဏှာကို ကုန်စေရာရောက်သည်၊ ထို့ကြောင့် သင်္ခါရဓမ္မတို့သည်သာ သင်္ခါရဓမ္မတို့ကို ရှု၊ဆင်ခြင်၊သုံးသပ်၊မှတ်သား၊ သိမ်းဆည်းကြသည်ဟု ယူဆရမည်။.....သင်္ခါရဓမ္မတို့၌ ဒုက္ခထင်လျှင် နိုက္ခန္တိ ပရိယာဒါနဖြစ်နိုင်သည်ဟုသိ။

နိုက္ခန္တိပရိယာဒါနနည်း ပြီး၏။

နာမ် ၇-ပါး အားထုတ်နည်း ပြီး၏။

**အိမ်သုံးဘာဝနာမေဒိနီ ပြီးပြီ။**

---

## သံယုတ်ပါဠိတော်လာ-
## တိလက္ခဏသုတ်ပါဠိ

၁။ ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ ... ဟု

၁။ ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယောပိဟေတု ယောပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သောပိ အနိစ္စော။ အနိစ္စ သမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ။

၂။ ဝေဒနာ အနိစ္စာ၊ ယောပိဟေတု ယောပိ ပစ္စယော ဝေဒနာယ ဥပ္ပါဒါယ၊ သောပိ အနိစ္စော။ အနိစ္စ သမ္ဘူတာ ဘိက္ခဝေ ဝေဒနာ ကုတော နိစ္စာ ဘဝိဿတိ။

၃။ သညာ အနိစ္စာ၊ယောပိဟေတု ယောပိပစ္စယော သညာယ ဥပ္ပါဒါယ၊သောပိ အနိစ္စော။အနိစ္စသမ္ဘူတာ ဘိက္ခဝေ သညာ ကုတော နိစ္စာ ဘဝိဿတိ။

၄။ သင်္ခါရာ အနိစ္စာ၊ ယောပိဟေတု ယောပိပစ္စယော သင်္ခါရာနံ ဥပ္ပါဒါယ၊ သောပိ အနိစ္စော။ အနိစ္စသမ္ဘူတာ ဘိက္ခဝေ သင်္ခါရာ ကုတောနိစ္စာ ဘဝိဿန္တိ။

၅။ ဝိညာဏံ အနိစ္စံ၊ ယောပိဟေတု ယောပိပစ္စယော ဝိညာဏဿ ဥပ္ပါဒါယ၊ သောပိ အနိစ္စော။ အနိစ္စ သမ္ဘူတံ ဘိက္ခဝေ ဝိညာဏံ ကုတော နိစ္စံ ဘဝိဿတိ။

၁။ ရူပံ ဘိက္ခဝေ ဒုက္ခံ၊ ယောပိ ဟေတု ယောပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သောပိ ဒုက္ခော။ ဒုက္ခသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတောသုခံ ဘဝိဿတိ။

၂။ ဝေဒနာ ဒုက္ခာ၊ ယောပိဟေတု ယောပိ ပစ္စယော ဝေဒနာယ ဥပ္ပါဒါယ၊သောပိ ဒုက္ခော။ဒုက္ခသမ္ဘူတာ ဘိက္ခဝေ ဝေဒနာ ကုတော သုခါ ဘဝိဿတိ။

၃။ သညာ ဒုက္ခာ၊ယောပိဟေတု ယောပိပစ္စယော သညာယ ဥပ္ပါဒါယ၊ သောပိဒုက္ခော။ ဒုက္ခ သမ္ဘူတာ ဘိက္ခဝေ သညာ ကုတော သုခါ ဘဝိဿတိ။

၄။ သင်္ခါရာ ဒုက္ခာ၊ ယောပိဟေတု ယောပိပစ္စယော သင်္ခါရာနံ ဥပ္ပါဒါယ၊ သောပိ ဒုက္ခော။ဒုက္ခသမ္ဘူတာ ဘိက္ခဝေ သင်္ခါရာ ကုတော သုခါ ဘဝိဿန္တိ။

၅။ ဝိညာဏံ ဘိက္ခဝေ ဒုက္ခံ၊ယောပိဟေတု ယောပိပစ္စယော ဝိညာဏဿ ဥပ္ပါဒါယ၊ သောပိ ဒုက္ခော။ ဒုက္ခသမ္ဘူတံ ဘိက္ခဝေ ဝိညာဏံ ကုတော သုခံ ဘဝိဿတိ။

၁။ ရူပံ ဘိက္ခဝေ အနတ္တာ၊ ယောပိ ဟေတု ယောပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သောပိ အနတ္တာ။ အနတ္တသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော အတ္တာ ဘဝိဿတိ။

၂။ ဝေဒနာ အနတ္တာ၊ ယောပိ ဟေတု ယောပိပစ္စယော ဝေဒနာယ ဥပ္ပါဒါယ၊ သောပိအနတ္တာ။ အနတ္တသမ္ဘူတာ ဘိက္ခဝေ ဝေဒနာ ကုတော အတ္တာ ဘဝိဿတိ။

၃။ သညာ အနတ္တာ၊ ယောပိဟေတု ယောပိပစ္စယော သညာယ ဥပ္ပါဒါယ၊ သောပိ အနတ္တာ။ အနတ္တသမ္ဘူတာ ဘိက္ခဝေ သညာ ကုတော အတ္တာ ဘဝိဿတိ။

၄။ သင်္ခါရာ အနတ္တာ၊ ယောပိဟေတု ယောပိပစ္စယော သင်္ခါရာနံ ဥပ္ပါဒါယ၊ သောပိ အနတ္တာ။ အနတ္တသမ္ဘူတာ ဘိက္ခဝေ သင်္ခါရာ ကုတော အတ္တာ ဘဝိဿန္တိ။

၅။ ဝိညာဏံ အနတ္တာ၊ ယောပိဟေတု ယောပိပစ္စယော ဝိညာဏဿ ဥပ္ပါဒါယ၊ သောပိအနတ္တာ။ အနတ္တသမ္ဘူတံ ဘိက္ခဝေ ဝိညာဏံ ကုတော အတ္တာ ဘဝိဿတိ။ ။

တိလက္ခဏသုတ်ပါဠိပြီး၏။

---

## တိလက္ခဏသုတ်အနက်

၁။ ဘိက္ခဝေ၊ ချစ်သားတို့။ ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ မမြဲ။ ရူပဿ၊ ရုပ်တရား၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၏။ ယောပိဟေတု၊ အကြောင်းဖြစ်စေတတ်သော

ဇနကအကြောင်းသည်ရင်း။ ယောပိပစ္စယော၊ အကြင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုအကြောင်းတရား နှစ်ပါးသည်လည်း။ အနိစ္စာ၊ မမြဲ။ ဘိက္ခဝေ၊ ချစ်သားတို့။ အနိစ္စသမ္ဘူတံ၊ မမြဲသောအကြောင်းတရား နှစ်ပါးကြောင့် ဖြစ်ပေါ်လာသော။ ရူပံ၊ ရုပ်တရားသည်။ ကုတော နိစ္စံ ဘဝိဿတိ၊ အဘယ်မှာ မြဲခြင်းဖြစ်နိုင်အံ့နည်း။

၂။ ဘိက္ခဝေ၊ ချစ်သားတို့။ ဝေဒနာ၊ ဝေဒနာသည်။ အနိစ္စာ၊ မမြဲ။ ဝေဒနာယ၊ ဝေဒနာ၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၏။ ယောပိ ဟေတု၊ အကြင်ဖြစ်စေတတ်သော ဇနကအကြောင်းသည်ရင်း။ ယောပိ ပစ္စယော၊ အကြင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုအကြောင်းတရား နှစ်ပါးသည်လည်း။ အနိစ္စော၊ မမြဲ။ ဘိက္ခဝေ၊ ချစ်သားတို့။ အနိစ္စ သမ္ဘူတာ၊ မမြဲသော အကြောင်းတရား နှစ်ပါးကြောင့် ဖြစ်ပေါ်လာသော။ ဝေဒနာ၊ ဝေဒနာသည်။ ကုတော နိစ္စာ ဘဝိဿတိ၊ အဘယ်မှာမြဲခြင်း ဖြစ်နိုင်အံ့နည်း။

၃။ ဘိက္ခဝေ၊ ချစ်သားတို့။ သညာ၊ သညာသည်။ အနိစ္စာ၊ မမြဲ။ သညာယ၊ သညာ၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၏။ ယောပိ ဟေတု၊ အကြင်ဖြစ်စေတတ်သော ဇနကအကြောင်းသည်ရင်း။ ယောပိ ပစ္စယော၊ အကြင်ထောက်ပံ့တတ်သောဥပတ္ထမ္ဘကအကြောင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုအကြောင်းတရား နှစ်ပါးသည်

လည်း၊ အနိစ္စော၊ မမြဲ။ ဘိက္ခဝေ၊ ချစ်သားတို့၊ အနိစ္စ
သမ္ဘူတာ၊ မမြဲသောအကြောင်းတရား နှစ်ပါးကြောင့်
ဖြစ်ပေါ်လာသော။ သညာ၊ သညာသည်။ ကုတောနိစ္စာ
ဘဝိဿတိ၊ အဘယ်မှာမြဲခြင်း ဖြစ်နိုင်အံ့နည်း။

၄။ ဘိက္ခဝေ၊ ချစ်သားတို့။ သင်္ခါရာ၊ သင်္ခါရတရား
တို့သည်။ အနိစ္စာ၊ မမြဲကုန်။ သင်္ခါရာနံ၊ သင်္ခါရတရားတို့
၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၏။ ယောပိ ဟေတု၊
အကြင်ဖြစ်စေတတ်သော ဇနက အကြောင်းသည်၎င်း။
ယောပိ ပစ္စယော၊ အကြင် ထောက်ပံ့ တတ်သော
ဥပတ္ထမ္ဘက အကြောင်းသည်၎င်း၊ အတ္ထိ၊ ရှိ၏။ သောပိ၊
ထိုအကြောင်းတရားနှစ်ပါးသည်လည်း။ အနိစ္စော၊ မမြဲ။
ဘိက္ခဝေ၊ ချစ်သားတို့။ အနိစ္စသမ္ဘူတာ၊ မမြဲသောအ
ကြောင်းတရား နှစ်ပါးကြောင့် ဖြစ်ပေါ် လာကုန်သော။
သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ကုတောနိစ္စာ ဘဝိ
ဿန္တိ၊ အဘယ်မှာမြဲခြင်း ဖြစ်နိုင်ကုန်အံ့နည်း။

၅။ ဘိက္ခဝေ၊ ချစ်သားတို့။ ဝိညာဏံ၊ စိတ်သည်။
အနိစ္စံ၊ မမြဲ။ ဝိညာဏဿ၊ စိတ်၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာ
ခြင်း၏။ ယောပိ ဟေတု၊ အကြင်ဖြစ်စေတတ်သော ဇန
က အကြောင်းသည်၎င်း။ ယောပိ ပစ္စယော၊ အကြင်
ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းသည်၎င်း။
အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုအကြောင်းတရား နှစ်ပါးသည်
လည်း၊ အနိစ္စော၊ မမြဲ။ ဘိက္ခဝေ၊ ချစ်သားတို့။ အနိစ္စ
သမ္ဘူတံ၊ မမြဲသော အကြောင်းတရား နှစ်ပါးကြောင့်

ဖြစ်ပေါ်လာသော။ ဝိညာဏံ၊ စိတ်သည်။ ကုတော နိစ္စံ ဘဝိဿတိ၊ အဘယ်မှာမြဲခြင်း ဖြစ်နိုင်အံ့နည်း။

၁။ ဘိက္ခဝေ၊ ချစ်သားတို့။ ရူပံ၊ ရုပ်တရားသည်။ ဒုက္ခံ၊ဒုက္ခတည်း။ရူပဿ၊ရုပ်တရား၏။ဥပ္ပါဒါယ၊ဖြစ်ပေါ်လာခြင်း၏။ ယောပိ ဟေတု၊အကြောင်းဖြစ်စေတတ်သော ဇနကအကြောင်းသည်၎င်း။ ယောပိ ပစ္စယော၊အကြောင်းထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းသည်၎င်း။ အတ္ထိ၊ရှိ၏။ သောပိ၊ ထိုအကြောင်းတရားနှစ်ပါးသည်လည်း။ဒုက္ခော၊ဒုက္ခပင်တည်း။ဘိက္ခဝေ၊ချစ်သားတို့။ ဒုက္ခသမ္ဘူတံ၊ ဒုက္ခကြောင့်ဖြစ်ပေါ်လာသော။ရူပံ၊ ရုပ်တရားသည်။ ကုတော သုခံ ဘဝိဿတိ၊အဘယ်မှာ သုခဖြစ်နိုင်အံ့နည်း။

၂။ ဘိက္ခဝေ၊ချစ်သားတို့။ ဝေဒနာ၊ဝေဒနာသည်။ ဒုက္ခာ၊ဒုက္ခတည်း။ ဝေဒနာယ၊ဝေဒနာ၏။ဥပ္ပါဒါယ၊ဖြစ်ပေါ်လာခြင်း၏။ ယောပိ ဟေတု၊ အကြောင်းဖြစ်စေတတ်သော ဇနက အကြောင်းသည်၎င်း။ ယောပိ ပစ္စယော၊ အကြောင်းထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းသည်၎င်း။ အတ္ထိ၊ရှိ၏။ သောပိ၊ ထိုအကြောင်းတရားနှစ်ပါးသည်လည်း။ ဒုက္ခော၊ဒုက္ခပင်တည်း။ ဘိက္ခဝေ၊ချစ်သားတို့။ဒုက္ခသမ္ဘူတာ၊ ဒုက္ခကြောင့်ဖြစ်ပေါ်လာသော။ ဝေဒနာ၊ဝေဒနာသည်။ ကုတော သုခါ ဘဝိဿတိ၊ အဘယ်မှာ သုခဖြစ်နိုင်အံ့နည်း။

၃။ ဘိက္ခဝေ၊ချစ်သားတို့။ သညာ၊သညာသည်။ ဒုက္ခာ၊ဒုက္ခတည်း။ သညာယ၊သညာ၏။ ဥပ္ပါဒါယ၊ဖြစ်

ပေါ်လာခြင်း၏၊ ယောပိ ဟောတု၊ အကြင်ဖြစ်စေတတ်သော ဓနက အကြောင်းသည်ရှင်း။ ယောပိ ပစ္စယော၊ အကြင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းသည်ရှင်း၊အတ္တိ၊ရှိ၏။ သောပိ၊ ထိုအကြောင်းတရားနှစ်ပါးသည်လည်း။အနိစ္စော၊မမြဲ။ ဒုက္ခော၊ဒုက္ခပင်တည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဒုက္ခသမ္ဘူတာ၊ ဒုက္ခကြောင့်ဖြစ်ပေါ်လာသော။သညာ၊သညာသည်၊ ကုတော သုခါ ဘဝိဿတိ၊ အဘယ်မှာ သုခဖြစ်နိုင်အံ့နည်း။

၄။ ဘိက္ခဝေ၊ချစ်သားတို့၊သင်္ခါရာ၊သင်္ခါရတရားတို့သည်။ ဒုက္ခာ၊ ဒုက္ခတို့တည်း။ သင်္ခါရာနံ၊သင်္ခါရတရားတို့၏။ဥပ္ပါဒါယ၊ဖြစ်ပေါ်လာခြင်း၏။ ယောပိ ဟေတု၊အကြင်ဖြစ်စေတတ်သော ဓနက အကြောင်းသည်ရှင်း။ ယောပိ ပစ္စယော၊ အကြင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းသည်ရှင်း၊ အတ္ထိ၊ရှိ၏။ သောပိ၊ ထိုအကြောင်းတရား နှစ်ပါးသည်လည်း။ ဒုက္ခော၊ဒုက္ခပင်တည်း။ ဘိက္ခဝေ၊ချစ်သားတို့။ဒုက္ခသမ္ဘူတာ၊ဒုက္ခကြောင့်ဖြစ်ပေါ်လာကုန်သော။သင်္ခါရာ၊သင်္ခါရတရားတို့သည်။ ကုတော သုခါ ဘဝိဿန္တိ၊အဘယ်မှာ သုခဖြစ်နိုင်ကုန်အံ့နည်း။

၅။ ဘိက္ခဝေ၊ ချစ်သားတို့။ ဝိညာဏံ၊ စိတ်သည်။ ဒုက္ခံ၊ဒုက္ခတည်း။ ဝိညာဏဿ၊စိတ်၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၏။ ယောပိ ဟေတု၊ အကြင်ဖြစ်စေတတ်သော ဓနက အကြောင်းသည်ရှင်း။ ယောပိ ပစ္စယော၊

အကြောင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းသည့်ရင်း၊ အတ္ထိ၊ ရှိ၏။ သောပါ၊ ထိုအကြောင်းတရား နှစ်ပါးသည်လည်း။ ဒုက္ခာ၊ ဒုက္ခပင်တည်း၊ ဘိက္ခဝေ၊ ချစ်သားတို့။ ဒုက္ခသမ္ဘုတံ၊ ဒုက္ခကြောင့် ဖြစ်ပေါ်လာသော။ ဝိညာဏံ၊ ဝိဉ်သည်၊ ကုတော သုခံ ဘဝိဿတိ၊ အဘယ်မှာ သုခဖြစ်နိုင်အံ့နည်း။

၁။ ဘိက္ခဝေ၊ ချစ်သားတို့။ ရူပံ၊ ရုပ်တရားသည်။ အနတ္တာ၊ ကိုယ်မဟုတ်။ ရူပဿ၊ ရုပ်တရား၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၏။ ယောပိ ဟေတု၊ အကြောင်ဖြစ်စေတတ်သော ဇနက အကြောင်းသည့်ရင်း။ ယောပိ ပစ္စယော၊ အကြောင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းသည့်ရင်း၊ အတ္ထိ၊ ရှိ၏။ သောပါ၊ ထိုအကြောင်း တရား နှစ်ပါးသည်လည်း။ အနတ္တာ၊ ကိုယ်မဟုတ်။ ဘိက္ခဝေ၊ ချစ်သားတို့။ အနတ္တသမ္ဘုတံ၊ အနတ္တကြောင့် ဖြစ်ပေါ်လာသော။ ရူပံ၊ ရုပ်တရားသည်၊ ကုတော အတ္တာ ဘဝိဿတိ၊ အဘယ်မှာ ကိုယ်ဟုတ်နိုင်အံ့နည်း။

၂။ ဘိက္ခဝေ၊ ချစ်သားတို့။ ဝေဒနာ၊ ဝေဒနာသည်။ အနတ္တာ၊ ကိုယ်မဟုတ်၊ ဝေဒနာယ၊ ဝေဒနာ၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၏။ ယောပိ ဟေတု၊ အကြောင်ဖြစ်စေတတ်သော ဇနက အကြောင်းသည့်ရင်း။ ယောပိ ပစ္စယော၊ အကြောင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းသည့်ရင်း။ အတ္ထိ ရှိ၏။ သောပါ၊ ထိုအကြောင်း နှစ်ပါးသည်လည်း။ အနတ္တာ၊ ကိုယ်မဟုတ်။ ဘိက္ခဝေ၊

ချစ်သားတို့၊အနတ္တသမ္ဘူတာ၊ အနတ္တကြောင့် ဖြစ်ပေါ်လာသော။ ဝေဒနာ၊ ဝေဒနာသည်။ ကုတောအတ္တာဘဝိဿတိ၊အဘယ်မှာ ကိုယ်ဟုတ်နိုင်အံ့နည်း။

၃။ ဘိက္ခဝေ၊ ချစ်သားတို့။ သညာ၊သညာသည်။ အနတ္တာ၊ကိုယ်မဟုတ်။သညာယ၊ သညာ၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၏။ယောပိ ဟေတု၊အကြင်ဖြစ်စေတတ်သော ဇနက အကြောင်းသည်၎င်း၊ ယောပိပစ္စယော၊ အကြင် ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းသည်၎င်း။ အတ္ထိ၊ရှိ၏။ သောပိ၊ ထိုအကြောင်းတရားနှစ်ပါးသည်လည်း။အနတ္တာ၊ ကိုယ်မဟုတ်။ ဘိက္ခဝေ၊ ချစ်သားတို့။အနတ္တသမ္ဘူတာ၊ အနတ္တကြောင့်ဖြစ်ပေါ်လာသော။ သညာ၊ သညာသည်။ ကုတောအတ္တာဘဝိဿတိ၊အဘယ်မှာ ကိုယ်ဟုတ်နိုင်အံ့နည်း။

၄။ ဘိက္ခဝေ၊ချစ်သားတို့။သင်္ခါရာ၊သင်္ခါရတရားတို့သည်။အနတ္တာ၊ကိုယ်မဟုတ်ကုန်။သင်္ခါရာနံ၊သင်္ခါရတရားတို့၏။ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၏။ ယောပိ ဟေတု၊ အကြင်ဖြစ်စေတတ်သော ဇနကအကြောင်းသည်၎င်း၊ ယောပိပစ္စယော၊ အကြင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းသည်၎င်း၊ အတ္ထိ၊ ရှိ၏။ သောပိ၊ ထို အကြောင်းတရား နှစ်ပါးသည်လည်း။ အနတ္တာ၊ကိုယ်မဟုတ်။ဘိက္ခဝေ၊ ချစ်သားတို့။ အနတ္တသမ္ဘူတာ၊အနတ္တကြောင့်ဖြစ်ပေါ်လာကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ကုတောအတ္တာဘဝိဿန္တိ၊ အဘယ်မှာ ကိုယ်ဟုတ်နိုင်ကုန်အံ့နည်း။

၅။ ဘိက္ခဝေ၊ ချစ်သားတို့၊ ဝိညာဏံ၊စိတ်သည်။ အနတ္တာ၊ကိုယ်မဟုတ်။ဝိညာဏဿ၊ စိတ်၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၏။ ယောပိဟေတု၊ အကြင်ဖြစ်စေတတ်သော ဇနကအကြောင်းသည်ရှင်း။ ယောပိ ပစ္စယော၊ အကြင် ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းသည်ရှင်း။အတ္ထိ၊ရှိ၏။သောပိ၊ ထိုအကြောင်းတရား နှစ်ပါးသည်လည်း၊ အနတ္တာ၊ ကိုယ်မဟုတ်။ ဘိက္ခဝေ၊ချစ်သားတို့။အနတ္တသမ္ဘူတံ၊ အနတ္တကြောင့်ဖြစ်ပေါ်လာသော၊ဝိညာဏံ၊စိတ်သည်။ ကုတော အတ္တာ ဘဝိဿတိ၊အဘယ်မှာ ကိုယ်ဟုတ်နိုင်အံ့နည်း။

### တိလက္ခဏသုတ် အနက်ပြီး၏။

---

**အဓိပ္ပါယ်အကျဉ်း။** ။ရူပက္ခန္ဓာ၊ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဤခန္ဓာ ၅-ပါး ဖြစ်ကြောင်းကား၊အဝိဇ္ဇာ,တဏှာ,ကံ,ဥပါဒါန်, အာဟာရ ဟူ ၅-မျိုးရှိ၏၊ ထို ၅-မျိုးတို့တွင် အဝိဇ္ဇာ, တဏှာ,ကံ,ဥပါဒါန် ၄-ပါးကား၊ ခန္ဓာ ၅-ပါးကို ဖြစ်စေတတ်သော ဇနက အကြောင်းဟူမှတ်၊ အာဟာရကား ခန္ဓာ ၅-ပါးကိုထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းဟူမှတ်၊ ထို အဝိဇ္ဇာ စသော အကြောင်း ၅-ပါးသည် မမြဲသော အနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊အစိုးမရ အနတ္တတို့သာ ဖြစ်ကြ၏၊ခန္ဓာ ၅-ပါးသည်လည်း မမြဲသော အနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ အစိုးမရ အနတ္တတို့သာ ဖြစ်ကြသည်။......ဥပမာ—သေတတ်သော အမေ

က မွေးဖွါး သော သားသမီးများသည်၊အသေကောင်တွေ သာ ဖြစ်ကြသလို၊မမြဲသော အနိစ္စဟူသော အကြောင်း ကြောင့် ဖြစ်ပေါ်လာသော ခန္ဓာ ၅-ပါးသည်၊ အဘယ် မှာ မြဲခြင်းနိစ္စ ဖြစ်နိုင်ပ,မတုံး၊အခါးပင်စိုက်လျှင် အခါး သီးသာ,သီးသလို၊ဆင်းရဲသောဒုက္ခဟူသောအကြောင်း ကြောင့် ဖြစ်ပေါ်လာသော ခန္ဓာ ၅-ပါးသည်၊ အဘယ် မှာ ချမ်းသာခြင်းသုခ ဖြစ်နိုင်ပ,မတုံး၊ အချိုပင်စိုက် လျှင် အချိုသီးသာ,သီးသလို၊ ကိုယ်မဟုတ် အစိုးမရ အနတ္တဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာ ၅-ပါးသည်၊ အဘယ်မှာ အစိုးရသော အတ္တဖြစ် နိုင်ပ,မတုံး-ဟု ဟောတော်မူသိရင်းဖြစ်သည်။[ဟုတ် မဟုတ် စဉ်းစားလေ။]

အဓိပ္ပါယ်အကျဉ်း ပြီး၏။

---

## သံယုတ်ပါဠိတော်လာ- ဒုက္ခာဘိနန္ဒနသုတ်ပါဠိ

၁။ ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ၊ယော ဒုက္ခံ အဘိနန္ဒတိ၊အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။

၂။ ယော ဝေဒနံ အဘိနန္ဒတိ၊ဒုက္ခံ သောအဘိနန္ဒတိ၊ ယော ဒုက္ခံအဘိနန္ဒတိ၊အပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

၃။ ယော သညံ အဘိနန္ဒတိ၊ဒုက္ခံ သော အဘိနန္ဒ တိ၊ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

၄။ ယော သဝိါရေ အဘိနန္ဒတိ၊ ဒုက္ခံသော အဘိနန္ဒတိ ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

၅။ ယော ဝိညာဏံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ၊ ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

၁။ ယောစဘိက္ခဝေ ရူပံ နာဘိ နန္ဒတိ၊ ဒုက္ခံ သော နာဘိနန္ဒတိ၊ ယော ဒုက္ခံ နာဘိ နန္ဒတိ၊ပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

၂။ ယော ဝေဒနံ နာဘိနန္ဒတိ၊ဒုက္ခံ သော နာဘိနန္ဒတိ၊ ယော ဒုက္ခံ နာဘိနန္ဒတိ၊ပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

၃။ ယော သညံ နာဘိနန္ဒတိ၊ဒုက္ခံ သော နာဘိနန္ဒတိ၊ ယော ဒုက္ခံ နာဘိနန္ဒတိ၊ပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

၄။ ယော သင်္ခါရေ နာဘိနန္ဒတိ၊ဒုက္ခံ သော နာဘိနန္ဒတိ ယော ဒုက္ခံ နာဘိနန္ဒတိ၊ ပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

၅။ ယော ဝိညာဏံ နာဘိနန္ဒတိ၊ဒုက္ခံ သော နာဘိနန္ဒတိ၊ယော ဒုက္ခံ နာဘိနန္ဒတိ၊ ပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

ဒုက္ခာဘိနန္ဒနသုတ် ပါဠိပြီး၏။

---

## ဒုက္ခာဘိနန္ဒနသုတ်အနက်

၁။ ဘိက္ခဝေ၊ချစ်သားတို့။ ယော၊အကြင်သူသည်။ ရူပံ၊ ရုပ်တရားကို။ အဘိနန္ဒတိ၊ နှစ်သက်နေ၏။သော၊

ထိုရုပ်တရားကို နှစ်သက်နေသေးသော သူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ အဘိနန္ဒတိ၊ နှစ်သက်သည်မည်၏။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ အဘိနန္ဒတိ၊ နှစ်သက်နေ၏။ သော၊ ထိုဒုက္ခအမျိုးမျိုးကို နှစ်သက်နေသေးသောသူသည်။ ဒုက္ခသ္မာ၊ ဒုက္ခအမျိုးမျိုးမှ။ အပရိမုစ္စောတိ၊ မလွတ်နိုင်ဟူ၍။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

၂။ ဘိက္ခဝေ၊ ချစ်သားတို့။ ယော၊ အကြင်သူသည်။ ဝေဒနံ၊ ဝေဒနာကို။ အဘိနန္ဒတိ။ နှစ်သက်နေ၏။ သော၊ ထိုဝေဒနာကို နှစ်သက်နေသေးသော သူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ အဘိနန္ဒတိ၊ နှစ်သက်သည် မည်၏။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ အဘိနန္ဒတိ၊ နှစ်သက်နေ၏။ သော၊ ထို ဒုက္ခအမျိုးမျိုးကို နှစ်သက် နေသေးသောသူသည်။ ဒုက္ခသ္မာ၊ ဒုက္ခ အမျိုးမျိုးမှ။ အပရိမုစ္စောတိ၊ မလွတ်နိုင်ဟူ၍။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

၃။ ဘိက္ခဝေ၊ ချစ်သားတို့၊ ယော၊ အကြင်သူသည်။ သညံ၊ သညာကို။ အဘိနန္ဒတိ၊ နှစ်သက်နေ၏။ သော၊ ထိုသညာကို နှစ်သက်နေသေးသော သူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ အဘိနန္ဒတိ၊ နှစ်သက်သည်မည်၏။ ယော၊ အကြင်သူသည်၊ ဒုက္ခံ၊ ဒုက္ခ အမျိုးမျိုးကို။ အဘိနန္ဒတိ၊ နှစ်သက်နေ၏။ သော၊ ထိုဒုက္ခအမျိုးမျိုးကို နှစ်သက်နေသေးသော သူသည်။ ဒုက္ခသ္မာ၊ ဒုက္ခအမျိုး

မျိုးမှ၊ အပရိမုစ္စတိ၊ မလွတ်နိုင်ဟူ၍။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

၄။ ဘိက္ခဝေ၊ ချစ်သားတို့။ ယော၊ အကြင်သူသည်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ အဘိနန္ဒတိ၊ နှစ်သက်နေ၏။ သော၊ ထိုသင်္ခါရတရားတို့ကို နှစ်သက်နေသေးသောသူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ အဘိနန္ဒတိ၊ နှစ်သက်သည်မည်၏။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို၊ အဘိနန္ဒတိ၊ နှစ်သက်နေ၏။ သော၊ ထိုဒုက္ခ အမျိုးမျိုးကို နှစ်သက်နေသေးသောသူသည်။ ဒုက္ခသ္မာ၊ ဒုက္ခအမျိုးမျိုးမှ၊ အပရိမုစ္စတိ၊ မလွတ်နိုင်ဟူ၍၊ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

၅။ ဘိက္ခဝေ၊ ချစ်သားတို့။ ယော၊ အကြင်သူသည်။ ဝိညာဏံ၊ စိတ်ကို။ အဘိနန္ဒတိ၊ နှစ်သက်နေ၏။ သော၊ ထိုစိတ်ကို နှစ်သက်နေသေးသောသူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ အဘိနန္ဒတိ၊ နှစ်သက်သည်မည်၏။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ အဘိနန္ဒတိ၊ နှစ်သက် နေ၏။ သော၊ ထိုဒုက္ခ အမျိုးမျိုးကို နှစ်သက်နေသေးသော သူသည်။ ဒုက္ခသ္မာ၊ ဒုက္ခ အမျိုးမျိုးမှ။ အပရိမုစ္စတိ၊ မလွတ်နိုင်ဟူ၍။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

၁။ ဘိက္ခဝေ၊ ချစ်သားတို့။ ယောစခေါ၊ အကြင်သူသည်ကား။ ရူပံ၊ ရုပ်တရားကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ သော၊ ထိုရုပ်တရားကို မနှစ်သက်သောသူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ နာဘိနန္ဒတိ၊ မနှစ် သက်သည်

မည်၏။ယော၊အကြင်သူသည်။ ဒုက္ခံ၊ဒုက္ခအမျိုးမျိုးကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ သော၊ ထို ဒုက္ခအမျိုးမျိုးကို မနှစ်သက်သောသူသည်။ ဒုက္ခသ္မာ၊ ဒုက္ခ အမျိုးမျိုးမှ။ ပရိမုစ္စတိ၊ လွတ်နိုင်၏ဟူ၍။ ဝဒါမိ၊ ငါဘုရား ဟောတော်မူ၏။

၂။ ဘိက္ခဝေ၊ ချစ်သားတို့။ ယော၊ အကြင်သူသည်။ ဝေဒနံ၊ ဝေဒနာကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ သော၊ ထိုဝေဒနာကို မနှစ်သက်သော သူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ နာဘိနန္ဒတိ၊မနှစ်သက်သည် မည်၏။ ယော၊ အကြင်သူသည်။ဒုက္ခံ၊ဒုက္ခအမျိုးမျိုးကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ သော၊ ထိုဒုက္ခအမျိုးမျိုးကို မနှစ်သက်သောသူသည်။ ဒုက္ခသ္မာ၊ ဒုက္ခ အမျိုးမျိုးမှ။ ပရိမုစ္စတိ၊လွတ်နိုင်၏ဟူ၍။ ဝဒါမိ၊ငါဘုရားဟောတော်မူ၏။

၃၊ ဘိက္ခဝေ၊ ချစ်သားတို့။ ယော၊အကြင်သူသည်။ သညံ၊သညာကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ သော၊ ထိုသညာကိုမနှစ်သက်သောသူသည်။ ဒုက္ခံ၊ဒုက္ခအမျိုးမျိုးကို။ နာဘိနန္ဒတိ၊မနှစ်သက်သည်မည်၏။ယော၊အကြင်သူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ နာဘိနန္ဒတိ၊ မနှစ်သက်။သော၊ ထိုဒုက္ခအမျိုးမျိုးကို မနှစ်သက်သော သူသည်။ဒုက္ခသ္မာ၊ ဒုက္ခအမျိုးမျိုးမှ။ ပရိမုစ္စတိ၊ လွတ်နိုင်၏ဟူ၍။ ဝဒါမိ၊ ငါဘုရား ဟောတော်မူ၏။

၄။ ဘိက္ခဝေ၊ချစ်သားတို့။ယော၊အကြင်သူသည်။ သင်္ခါရေ၊သင်္ခါရတရားတို့ကို။နာဘိနန္ဒတိ၊ မနှစ်သက်။ သော၊ထိုသင်္ခါရတရားတို့ကို မနှစ်သက်သောသူသည်။

ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ နာဘိနန္ဒတိ၊ မနှစ်သက်သည် မည်၏။ ယော၊အကြင်သူသည်။ဒုက္ခံ၊ဒုက္ခအမျိုးမျိုးကို။ နာဘိနန္ဒတိ၊မနှစ်သက်။ သော၊ ထိုဒုက္ခအမျိုးမျိုးကို မနှစ်သက်သော သူသည်။ ဒုက္ခသ္မာ၊ ဒုက္ခအမျိုးမျိုးမှ။ ပရိမုစ္စာတိ၊ လွတ်နိုင်၏ဟူ၍။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

၅။ ဘိက္ခဝေ၊ ချစ်သားတို့။ယော၊ အကြင်သူသည်။ ဝိညာဏံ၊စိတ်ကို။နာဘိနန္ဒတိ၊ မနှစ်သက်၊ သော၊ထိုစိတ်ကို မနှစ်သက်သောသူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ နာဘိနန္ဒတိ၊ မနှစ်သက်သည်မည်၏။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဒုက္ခအမျိုးမျိုးကို။ နာဘိနန္ဒတိ၊မနှစ်သက်။ သော၊ ထိုဒုက္ခအမျိုးမျိုးကို မနှစ်သက်သော သူသည်။ ဒုက္ခသ္မာ၊ ဒုက္ခအမျိုးမျိုးမှ။ ပရိမုစ္စာတိ၊ လွတ်နိုင်၏ဟူ၍။ ဝဒါမိ၊ ငါဘုရား ဟောတော်မူ၏။

ဒုက္ခာဘိနန္ဒနသုတ်အနက်ပြီး၏။

---

**အဓိပ္ပါယ်အကျဉ်း။** ။ခန္ဓာ ငါးပါး တည်းဟူသော မိမိကိုယ်ကောင်, သူတပါးကိုယ်ကောင်ကြီးကို နှစ်သက်နေလျှင် အပါယဘေး,ပဋိသန္ဓေနေရတဲ့ ဒုက္ခ, အိုရတဲ့ဒုက္ခ, နာရတဲ့ဒုက္ခ,ချစ်သောသူတို့နှင့် ကွေကွင်းနေရတဲ့ဒုက္ခ, မုန်းသောသူတို့နှင့် အတူတကွ နေရတဲ့ ဒုက္ခ,အလိုရှိတာမရ၍ ဆင်းရဲရတဲ့ဒုက္ခ,သေရတဲ့ဒုက္ခ, အပါယ်ကျရတဲ့ ဘေးဒုက္ခ စသောအမျိုးမျိုးသော ဘေး ဒုက္ခတို့ကို နှစ်သက်ရာရောက်၏၊ ထိုဒုက္ခအမျိုးမျိုးတို့

ကိုနှစ်သက်နေက ဘယ်တော့ကမှ ဘေးဒုက္ခ အမျိုးမျိုးမှ လွတ်နိုင်မည်မဟုတ်၊ အကြင်သူတယောက်ကား ခန္ဓာ ၅-ပါးဟူသော မိမိကိုယ်ကောင်, သူတပါးကိုယ်ကောင်ကြီးကို မနှစ်သက်ဘဲ နေနိုင်၏၊ ထိုသူကား ဒုက္ခအမျိုးမျိုးကို မနှစ်သက်ရာရောက်၍ ဒုက္ခအမျိုးမျိုးမှ လွတ်နိုင်၏ဟု ဟောတော်မူလိုရင်း အဓိပ္ပါယ်ဖြစ်သည်။

**အမှာစကား။** ။ဤတိလက္ခဏာသုတ်နှင့် ဒုက္ခာဘိနန္ဒနသုတ်များကို ရွတ်ဘတ်ရင်းပင် ယခုဘဝမဂ်ဖိုလ်တရားထူးများ ရနိုင်စရာရှိ၏၊ အကယ်၍ ယခုဘဝ မဂ်ဖိုလ်ကိုမရသေးက ဒုတိယစသော ဘဝများ၌ရနိုင်စရာရှိ၏။ အကယ်၍ဒုတိယစသော ဘဝများ၌ မရသေးက သာသနာပ-အခါပစ္စေကဗုဒ္ဓါများဖြစ်နိုင်ရာ၏၊ အကယ်၍ သာသနာပ၌ ပါရမီ မပြည့်စုံသေးသဖြင့် ပစ္စေကဗုဒ္ဓါမဖြစ်သေးအံ့၊ နောင်ပွင့်လတ္တံ့သော မေတ္တေယျမြတ်စွာဘုရား ထံမှ တရားနာရသဖြင့် ဧကန် မဂ်ဖိုလ်တရားထူးများရ ရပေလိမ့်မည်။[အားထုတ်ကျက်၊ အစတပုဒ်ကို ရအောင်ကျက်ပြီးမှ နောက်နောက် ပုဒ်များကို ဆက်ကျက်လျှင် လွယ်လွယ်နဲ့ ရနိုင်ပေလိမ့်မည်။]

**ဆုတောင်း။** ။ဤသို့ပြုရ- မြတ်ပုညကြောင့် - ဘဝထိုထို-မဖြစ်လိုရ၊ နိဗ္ဗာနကို မချကြာန် အမြန်ရောက်စေသော၀်။

**ပြီး ပြီ။**